ချောင်းခွကျေးရွာ

တံတားဦးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ချောင်းခွကျေးရွာ၊ တံတားဦးမြို့နယ်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
ချောင်းခွကျေးရွာ၊ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ တံတားဦးမြို့နယ်	၇
အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်	**၈**
(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု	**၈**
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်	
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု	
(၂) ကျေးရွာ၏ တည်နေရာ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ	**၁၀**
(က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင် အနေအထား	
(ခ) သဘာဝအရင်းအမြစ်များ	
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ	**၁၀**
(က) လူဦးရေဆိုင်ရာအချက်လက်များ	
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	
(ဃ) ကျန်းမာရေး နှင့် အာဟာရ	
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ	
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု	
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ	**၁၂**
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်	
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ	
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု	
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု	

(၉) အခြေခံ အဆောက်အဦလက်လှမ်းမှီမှု- လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(၈) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၃၁

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၃၃

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၅

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ ၃၈

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၈

(၁) ချောင်းခွကျေးရွာ၏ လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) ချောင်းခွကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ

ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ ၇၄

အဟန့်အတားများ၊ ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ၊ ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ၇၇

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၈၃

အပိုင်း (ခ) စီမံကိန်းဆိုင်ရာ အချက်အလက် ၈၄
စီမံကိန်းဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ်အထိ(၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသောမွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါ သည်။ အရေး ကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ် ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာ လုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ် တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေး ဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာ များမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ် ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာ သည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂) ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြ

ထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ချောင်းခွကျေးရွာ၊
တံတားဦးမြို့နယ်။

ချောင်းခွကျေးရွာအခြေပြမြေပုံ၊ တံတားဦးမြို့နယ်



အပိုင်း (က)

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အဝံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှု ရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့ အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း ၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှု ကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင်

ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ တည်နေရာ၊ ရာသီဥတု၊ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား။ ။ချောင်းခွကျေးရွာသည် မန္တလေး၊ တံတားဦး၊ပုဂံလမ်းနှင့် ကျောက်ဆည်ခရိုင်ချင်းဆက်လမ်းပေါ်တွင်တည်ရှိပါသည်။ တံတားဦးမြို့နယ်၏ တောင်ဘက်တွင်တည်ရှိပြီး၊ တံတားဦးမြို့မှ ၁၂ မိုင်၊ မန္တလေး မြို့မှ ၂၂ မိုင်ကွာဝေးပါသည်။ ရာသီဥတုသည် ပူပြင်းခြောက်သွေ့ပြီး၊ မိုးကောင်းသောက်ဇရိယာဖြစ်ပါသည်။ အမြင့်ဆုံး ပျမ်းမျှအပူချိန် သည် ၃၄ ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးပျမ်းမျှအပူချိန် ၂၀ ဒီဂရီစင်တီဂရိတ် ရှိပါသည်။ ဇွန်လတွင် အမြင့်ဆုံး အပူချိန်သည် ၃၇ ဒီဂရီ စင်တီဂရိတ် ဖြစ်ပြီး၊ ဇန်နဝါရီလတွင် ၁၂ ဒီဂရီ စင်တီဂရိတ် ရှိပါသည်။ တစ်နှစ်ပျမ်းမျှမိုးရေချိန်သည် ၃၀ လက်မ ခန့်ရှိပြီး၊ တစ်လပျမ်းမျှမိုးရွာသွန်းရက် ၅ ရက်ဖြစ်ပြီး၊ အများဆုံးမိုးရွာသွန်းရက်သည် မေ၊ ဇွန်လတွင် ၁၀ ခန့်ရှိပါသည်။ ချောင်းခွကျေးရွာသည် ကျယ်ပြန့်ပြူးသော မြေပြန့်လွင်ပြင်တွင် တည်ရှိပါသည်။ ကျေးရွာတွင်မြေဆီညြစာကောင်းမွန်သော လယ်ယာမြေ များရှိပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် အပူပိုင်းဒေသပေါက်ပင်များဖြစ်သော ကန္တာရပင်များ၊ ဆူးမျိုးနွယ်ဝင် ချုံပုတ်ပင်များ ပေါများပါသည်။

(ခ) သဘာဝအရင်းအမြစ်များ။ ။ ကျေးရွာတွင် သစ်တောမြေ၊ မြစ်ချောင်းများမရှိပါ။ လယ်ယာမြေကောင်းများရှိပြီး၊ စပါး၊ နှမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ ပဲတီစိမ်းစသော သီးနှံများ ကောင်းစွာဖြစ်ထွန်းပါသည်။ ကင်းတားဆည်မှ ဆည် မြောင်း ရေ လက်လှမ်းမှီပြီး မိုးစပါးစိုက်ပျိုးနိုင်ပါသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာအကြောင်းအရာများ။ ။ ချောင်းခွကျေးရွာတွင် မိသားစု (၄၂၉) စုရှိပြီး၊ လူဦးရေစုစုပေါင်း (၁၈၂၁) ဦးရှိပါသည်။ တစ်အိမ်ထောင်စုလျှင် ပျမ်းမျှမိသားစု၀င် (၄) ဦးခန့်ရှိပါသည်။ အသက်(၁၅-၆၀) နှစ်အထိ အလုပ်လုပ်နိုင်သော လူဦးရေ (၇၃%) ရှိပြီး၊ (၁၅) နှစ်အောက် လူဦးရေနှင့် အသက်(၆၀)နှစ်အထက်လူဦးရေစုစုပေါင်း(၂၇)%သည်မှီခိုသူများဖြစ်ကြပါသည်။အိမ်ထောင်စု(၆၇.၁%) အိမ်ထောင်စုသည် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။ ချောင်းခွကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကို တွေ့ရှိရပါသည်။ အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်ကြပြီး၊ အိမ်ထောင်စု၏ တ၀က်ကျော်သည် (၆၇%)သည် တောင်သူလယ်သမားများဖြစ်ကြပြီး၊ အခြားအိမ်ထောင်စုများသည် မြေယာမဲ့များနှင့် စိုက်ပျိုးမြေ (၅) ဧကအောက် ပိုင်ဆိုင်သူများ၊ ကျပန်းအလုပ်သမားများ(သို့) အသေးစားမွေးမြူရေးနှင့် ထန်းလျှော် တောင်းယက်လုပ်ငန်းများကို လုပ်ကိုင်ကြသူများ

ဖြစ်ကြပါသည်။ ၎င်းလုပ်သားများသည် တစ်နေ့ ပျမ်းမျှ နေ့စားခ ၀င်ငွေ ၂၀၀၀ ကျပ်မှ ၂၅၀၀ ကျပ်ကို လုပ်အားအလိုက်၊ လုပ်ငန်းအလိုက် ၀င်ငွေ ရရှိကြပါသည်။ အဆင့် ၁ နှင့် ၂ မိသားစုအများစုသည် ထွန်စက်၊ လက်တွန်းထွန်စက်၊ အခြား လယ်ယာ သုံးကိရိယာများ၊ ခိုင်းနွားအပြည့်စုံ၊ ဆန်စက်၊ ဆီစက်၊ ကုန်စုံဆိုင်ကြီးများ ပိုင်ဆိုင်ကြပြီး၊ ကျန် အိမ် ထောင်စု များသည် ပိုင်ဆိုင်မှု မရှိကြပါ။

(ဂ) ဆင်းရဲမွဲတေမှု၊ ထိခိုက်နစ်နာလွယ်မှု။ ။ ဥစ္စာဓနအဆင့်ခွဲခြားမှုအရ ချောင်းခွကျေးရွာသည် ဆင်းရဲပါသည်။ အိမ်ထောင်စုတစ်၀က်ကျော်သည် ဆင်းရဲသော၊ အလွန်ဆင်းရဲသော အိမ်ထောင်စုများ ဖြစ်ကြပါသည်။ ချောင်းခွကျေးရွာရှိ အိမ်ထောင်စုများသည် နပ်ကျော်စားခြင်း၊ လျှော့စားခြင်း၊ အခြား အစားအစာကို ပြောင်းလဲစား သုံးခြင်းမရှိကြဘဲ ပုံမှန် ၃ နပ်ပြည့် အောင်စားနိုင်ကြပါသည်။ အဆင့် ၃ နှင့် ၄ အိမ်ထောင်စုများ၏ (၃၄.၈%) သည် ၁ရက်စာသာ ၀မ်းစာသိုလှောင် နိုင်ကြပါသည်။ အိမ်ထောင်စု ၏ (၄.၃%)သည် မိသားစုစားသုံးရန်အတွက် မသိုလှောင်နိုင်ကြဘဲ တစ်ရက်လုပ်၊ တစ်ရက်စားကြရ ပါသည်။ ကောက် ယူခဲ့သော အိမ်ထောင်စု၏ (၁၇.၃%) သည် ၂ရက်မှ ၇ ရက်အထိ သိုလှောင်နိုင်ကြပြီး၊ (၂၁.၇%) သည် ၈ ရက်မှ ၃၀ ရက်စာ နှင့် ၁ လကျော်စာ သိုလှောင် နိုင်ကြပါသည်။ စစ်တမ်းကောက်ယူ ခြင်းအရ အိမ်ထောင်စု၏ (၁၇.၄%) သည် အကြွေးလက်ရှိတင်ရှိနေခြင်းမရှိဘဲ အများစုသည် အကြွေးမြီ မကင်းကြပါ။ အနည်းဆုံး ၅ သောင်း မှ အများဆုံး ၇ သိန်းအထိ ရှိကြပါသည်။ စိုက်ဘဏ်၊ ဆွေမျိုးများ၊ ငွေတိုးပေးသူများထံမှ ချေးယူရရှိပါသည်။ ကျေးရွာအိမ်ထောင်စုများသည် အစိုးရဘဏ်များမှ ချေးသော ချေးငွေသည် မလုံလောက်ခြင်း၊ ပြင်ပငွေတိုးချေးသူများထံမှ အတိုးကြီးခြင်းစသော အချက်များကြောင့် အကြွေးသံသရာမှ ရုန်းမထွက်နိုင်ကြပါ။

ချောင်းခွကျေးရွာ လူထုတစ်ရပ်လုံးအတွက် ထိခိုက်လွယ်မှုဖြစ်နိုင်သော အခြေအနေ ၁၁ မျိုး ရှိပါသည်။ ဥပမာ-မိုးခေါင်ခြင်း၊ မီးဘေးစသောဘေးအန္တရာယ်များ ကြုံတွေ့နိုင်ပါသည်။ ကျေးရွာ အတွင်း ထိခိုက်လွယ်သူများသည် ဆင်းရဲသားအမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၊ မြေမဲ့ယာမဲ့ များ၊ လူငယ်များ၊ ကျပန်းလက်လုပ်လက်စားများဖြစ်ကြပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ။ ။ ကျေးရွာသည် ရာသီ အကူးအပြောင်းတွင် ရာသီတုပ်ကွေးများ အဖြစ်များ ကြပါသည်။ HIV/AIDS ရောဂါသည် (၆) ဦးရှိပြီး မန္တလေးတိုင်းဆေးရုံတွင် ဆေးကုသမှု ကောင်းစွာခံယူနိုင်ပါသည်။ အဆုတ်ရောဂါ လူမမာနှစ်ဦးသာရှိပြီး တံတားဦးဆေးရုံတွင် ကောင်းစွာ ဆေးကုသမှု ခံယူခဲ့ပါသည်။ အိမ်ထောင်စုများသည် စားနပ် ရိက္ခာဖူလုံပြီး၊ အာဟာရပြဿနာမရှိပါ။ သို့သော် အာဟာရပြည့်၀မှုကို တိုင်းတာရန် အချိန် ပေးလုပ်ဆောင်ရပါမည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှု။ ။ ချောင်းခွကျေးရွာသည် ပညာရေးအားပေးသော ရွာတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာရှိလူဦးရေအားလုံးနီးပါး အခြေခံစာရေးစာဖတ်တတ်ကြပါသည်။ စာမတတ်သူ(၂) ဦးသာ ရှိပါသည်။ ၉ နှစ်ကျော်လူဦးရေ အများစုသည်(၇၃.၉%)သည် မူလတန်းပညာ ပြီးစီးခဲ့ကြ ပါသည်။ မူလတန်းပညာကို ရာနှုန်းပြည့်တတ်နိုင်ကြပါသည်။ ကျေးရွာတွင် အခြေခံပညာအထက်တန်း

ကျောင်းရှိ၍ အလယ်တန်း၊ အထက် တန်းပညာရေးကို လက်လှမ်းမီပါသည်။ တက္ကသိုလ် ပညာတက်ရောက်သင်ကြားနေသူ ကျား(၁၀)ဦး၊ မ(၂၄)ဦး၊ ပေါင်း(၃၄)ဦး ရှိပါသည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ချောင်းခွ အ.ထ.က မှ ဂုဏ်ထူး (၃) ဘာသာ (၂)ဦး၊ (၂) ဘာသာ (၄) ဦး၊ (၁) ဘာသာ (၅)ဦး စုစုပေါင်း(၁၁)ဦး ဂုဏ်ထူးရရှိပါသည်။ လှည်းလုပ်ငန်း၊ ပန်းပဲ၊ ပန်းရံ၊ သံကွန်ကရစ်စသော အသက်မွေးဝမ်းကျောင်းများတွင် လုပ်ကိုင်နေသော ကျွမ်းကျင်အလုပ်သမားများရှိပါသည်။

(စ)ကျားမဆိုင်ရာ ဆက်နွယ်မှု ။ ။ကျားမဆက်နွယ်မှုသည် ချောင်းခွကျေးရွာတွင် များစွာကွာခြားမှု မရှိပါ။ အလုပ်လုပ်နိုင်သောလူဦးရေတွင် အမျိုးသမီးများသည် အမျိုးသားများထက် (၈.၆%)ပို ပါသည်။ ထို့အတူ ကျေးရွာစီမံခန့်ခွဲမှုကဏ္ဍတွင် ထုံးတမ်းဓလေ့အရ အမျိုးသမီးပါဝင်မှု လုံးဝမတွေ့ရပေ။ ကျောင်းပညာရေးတွင်မူ မိန်းခလေးများသည် ယောကျားလေးများထက် ကျောင်းအပ်နှံမှု ယေဘုယျအားဖြင့် ပိုများပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်။ ။ ချောင်းခွကျေးရွာရှိ လူထုအခြေပြု အဖွဲ့များကို လုပ်ငန်းစဉ်အလိုက် စီမံခန့်ခွဲမှုနိုင်သောစွမ်းရည်၊ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စွမ်းရည်ရှိသူများနှင့်တာဝန်ယူနိုင်သောကျေးရွာသူ/ကျေးရွာသားများဖြင့်ဖွဲ့စည်းထားပါသည်။ကျေးရွာမှာရှိသော အဖွဲ့များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ဆောင်ရွက်မှု၊ ညှိနိုင်းဆောင်ရွက်မှု အားနည်းကြပါသည်။ ယခုလက်ရှိတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာရှိအဖွဲ့များ ချိတ်ဆက်ညှိနိုင်းမှု ပုံစံကျသော၊ စနစ်ကျသော ချိတ်ဆက်မှုမျိုး မတွေ့ရဘဲ အဖွဲ့အသီးသီးမှ သက်ဆိုင်ရာ လုပ်ငန်းများကို သီးခြားလုပ်ဆောင်နေကြပြီး လုပ်ငန်းပိုင်းဆိုင်ရာတင်ပြခြင်း၊ ရှင်းလင်းခြင်းစသောလုပ်ငန်းများ လုပ်ဆောင်ကြခြင်းမရှိကြပါ။ အဖွဲ့ငယ်များအများစုသည် မိမိတို့တာဝန်များကို ကောင်းစွာတာဝန်သိမှု၊ တာဝန်ယူမှု အားနည်းပါသေးသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပိုမိုဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကဲ့သို့ စီမံခန့်ခွဲမှု၊ ညှိနိုင်းဆောင်ရွက် ပေးနိုင်သော အဖွဲ့ရှိရန် လိုအပ်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ။ ။ ချောင်းခွကျေးရွာ၏ စီးပွားရေးအခြေအနေသည် စိုက်ပျိုးထုတ်လုပ်မှုအပေါ်တွင် များစွာမူတည် ပါသည်။ ကျေးရွာတွင် တောင်သူ (၃၉၅) ဦးရှိပြီး၊ စိုက်ပျိုးမြေဧက စုစုပေါင် (၃၁၈၁) ဧကရှိပါသည်။ ကင်းတားဆည်ရေ ပေးမြောင်းမှ (၅၅၀) ဧကသာ ဆည်ရေရရှိပြီး စိုက်ပျိုးနိုင်သည်။ ကျန်ဧက ၁၇၀ သည် မိုးရေကိုသာ မှီခိုး၍ စိုက်ပျိုးရပါသည်။ ဆည်မြောင်းရေဖြင့် စပါးတစ်မျိုးတည်းသာ စိုက်ပျိုးရသည်။ မိုးကောင်းသောနှစ်များတွင်သာ စပါးစိုက်ပျိုး ထုတ်လုပ်နိုင်ပြီး၊ စပါးထုတ်လုပ်မှု သေချာမှုမရှိဘဲ အထွက်နှုန်းသည် လျော့နည်းလာပါသည်။ မိုးဦးကာလတွင် နှစ်စဉ် မိုးခေါင်ရေရှား၍ သီးနှံမအောင်မြင်ဘဲ အထွက်နှုန်းလျော့နည်းလာပါသည်။ မြေပဲ၊ နှမ်းတို့တွင် ရွက်လိပ်ပိုးကျရောက်ပြီး၊ ကုလားပဲသီးနှံတွင် ရွက်စားပိုးကျရောက်တတ်သည်။ တောင်သူအများစုသည် စိုက်ပျိုးရေးလုပ်ငန်းများအတွက် မတည်ရန်အရင်းအနှီး အလုံအလောက်မရှိပါ။ စိုက်ပျိုးရေးကဏ္ဍ တိုးတက်

လာစေရန် စိုက်ပျိုးရေးလုံလောက်စွာရရှိရေးအစီအစဉ်များ၊ နည်းပညာများ၊ အရင်းအနှီးများ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပေမည်။

ချောင်းခွကျေးရွာ အိမ်ထောင်စုများသည် နွား၊ ဝက်၊ ဆိတ်၊ မြင်း၊ အသားတိုးကြက်၊ သိုး၊ ငုံး၊ တို့ကို မွေးမြူကြပြီး အဓိကမွေးမြူသော တိရစ္ဆာန်မွေးမြူရေးသည် နွားနှင့်ဝက် ဖြစ်သည်။ စုစုပေါင်း အိမ်ခြေ၏ (၈၀%) သည် နွားမွေးမြူကြပြီး၊ ဝက်ကို အိမ်ခြေ (၅၀%)သည် ဝက်ကို မွေးမြူကြသည်။ ကျေးရွာတွင် မွေးမြူရေးတိရစ္ဆာန်မွေးမြူရန် မြို၊ အစာ၊ ရေ လက်လှမ်းမီမှုရှိပြီး ရောင်းချရန် ဈေးကွက်လက်လှမ်းမီမှု ရှိပါသည်။ နို့စားနွားများတိုးချဲ့မွေးမြူခြင်း၊ ဝက်များကိုစနစ်တကျမွေးမြူခြင်း၊ အခြားမွေးမြူရေး တိရစ္ဆာန်များ ကို မိသားစုဝင်ငွေတိုးသည်မှ စီးပွားဖြစ်အထိ တိုးချဲ့မွေးမြူသင့်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ။ ။ ချောင်းခွကျေးရွာတွင် ကုန်ထုတ်လုပ်ငန်းများ (ပန်းပဲ၊ သံဂဟော၊ လှည်းဘီး၊ ကွန်ကရစ်)၊ လက်မှု လုပ်ငန်းများ (တောင်းယက်ခြင်း)၊ ဝန်ဆောင်မှုလုပ်ငန်းများ(ဆံညှပ်၊ ဆိုင်ကယ်ပြုပြင်ရေး၊ လက်ဖက် ရည်ဆိုင်) စသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများစွာ ရှိပါသည်။ ၎င်းပန်းပဲလုပ်ငန်း၊ လှည်းဘီးဒေါက်၊ လက်သမား၊ ပန်းရံလုပ်ငန်းတို့တွင် လုပ်ကိုင်သော ကျွမ်းကျင်လုပ်သား များစွာ ရှိပါသည်။ ကျေးရွာနှင့် နီးစပ်ရာ ကျေးရွာများတွင် ၎င်းကျေးရွာပြုလုပ်သောပစ္စည်းများ နံမည်ကောင်းရပါသည်။ ထို့ကြောင့် ရပ်တည်ရန် အလုပ်အကိုင်အခွင့်အလမ်းများပါသည်။ ပန်းပဲလုပ်ငန်းအနေဖြင့် ချောင်းခွဓါးသည် ၎င်းနယ်တွင် နံမည်ရပါသည်။ ပန်းပဲနှင့်ပတ်သက်၍ နိုင်ငံတော်အဆင့် ရွှေတံဆိပ်ရသူတစ်ဦးလည်း ရှိပါသည်။

ထုတ်လုပ်သူနှင့်သုံးစွဲသူများကြား တိုက်ရိုက်ရောင်းချခြင်းသည် ရောင်းချရိုးကြောမြင့်ခြင်း၊ အကြွေးရောင်းရခြင်း၊ ခရီးစရိတ်၊ သယ်ယူစရိတ် ပိုမိုကုန်ကျအမြတ်ရရှိမှု နည်းပါးသည်။ နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်ကြပြီး၊ ကုန်ကြမ်းဝယ်ယူရန် အရင်းအနှီး အခက်အခဲရှိပါသည်။ တောင်းယက်လုပ်ငန်း (ထန်းပင်မှရသော ထန်းလျော်ဖြင့်ယက်လုပ်သော ထန်းလျော်တောင်း) ဈေးကွက်ရှိပါသည်။ ကျေးရွာသည် ခရိုင်ချင်းဆက်လမ်းပေါ်တွင်တည်ရှိသောကြောင့် ဝန်ဆောင်မှုလုပ်ငန်းများသည် အသင့်အတင့်ဝင်ငွေကောင်းပါသည်။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းအများစုသည် မိသားစုရပ်တည်နိုင်မှု အသင့်အတင့်ရှိကြပြီး၊ တိုးချဲ့လုပ်ကိုင်နိုင်ပါက အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာပါမည်။

(ဃ) ပတ်ဂန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု။ ။ ချောင်းခွကျေးရွာသည် သဘာဝပတ်ဂန်းကျင်နှင့် အရင်းအမြစ်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ယခုလောလောဆယ်တွင် ပြဿနာကြီးစွာမရှိပါ။ ကျေးရွာလူထုသည်လည်း ၎င်းနှင့်ပတ်သက်၍ အသိပညာဗဟုသုတနည်းပါးပါသည်။ စိုက်ပျိုးသောသီးနှံများတွင် ဓါတုပိုးသတ်ဆေးများ၊ မြေဩဇာများသုံးစွဲမှုများပါ သည်။ သုံးစွဲပြီးသားဆေးဘူးခွံ၊ အိတ်များကို စနစ်တကျစွန့်ပစ်ခြင်းမရှိကြပါ။ အလွန်အကျွံသုံးစွဲလာပါက မြေဆီဩဇာ လျော့နည်းလာနိုင်ပါသည်။ တရုတ်လုပ်ငန်းရှင်များ လာရောက်၍ ဖရဲ၊ သခွားမွေး စသောသီးနှံများမြေငှား စိုက်ပျိုးခြင်း

ကြောင့် ရေရှည်တွင် မြေဆီပြဿနာဖြစ်လာနိုင်ပါသည်။ ကျေးရွာ၏ ရေထုတ်မြောင်းသည် မိုးများချိန်တွင် အမှိုက်သရိုက်များ ပိတ်ဆို့၍ ရေကောင်းစွာမထွက်ပဲ အနိမ့်ပိုင်းနေအိမ်များတွင် ရေဝပ်ခြင်းများကြုံတွေ့ရပါသည်။ ကျေးရွာလူထုပူးပေါင်း၍ ရေနှုတ်မြောင်း ရှင်းလင်းရေးလုပ်ခြင်း၊ သက်ဆိုင်ရာဌာနများမှ အကူအညီများ ရယူဆောင်ရွက်သင့်ပါသည်။ သဘာဝန္တရာယ်များ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲခြင်း၊ သရက်၊ သနပ်ခါးစသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်သော နှစ်ရှည်ပင် သီးနှံများ တိုးချဲ့စိုက်ပျိုးလုပ်ကိုင်သင့်ပါ သည်။

(ဇ) ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု။ ။ ချောင်းခွကျေးရွာတွင် ချေးငွေရနိုင်သော နေရာများအဖြစ် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမအသင်းတို့မှ ငွေချေးယူရရှိနိုင်ပါသည်။ ပုံစံ(၇) ရှိသူ တောင်သူများသာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ငွေချေးယူနိုင်ပါသည်။ သမချေးငွေကို အစုအဖွဲ့ချင်းကသာ အာမခံရပြီး အပေါင်ပစ္စည်းပေးရန်မလိုပါ။ ကျေးရွာသားများအတွက် အခြားသော ချေးငွေရရှိနိုင်သော နေရာများမှာ ဒေသခံ ဘုရားငွေအဖွဲ့ဖြစ်ပြီး ဆယ်အိမ်ခေါင်း တစ်စုကို အလှည့်ကျ ငွေချေးယူရရှိနိုင်ပါသည်။ နောက်ထပ်တစ်ဖွဲ့မှာ ဒေသခံ ငွေသဘင်တော်အဖွဲ့ဖြစ်ပြီး ဂေါပကအဖွဲ့က ဦးဆောင်ပါသည်။ ထို့အပြင် ကျေးရွာသူ/သားများသည် ကျေးရွာတွင်း ငွေတိုးပေးစား သူများထံမှလည်း ငွေချေး ယူကြပါသည်။ ကျေးရွာသားများအနေဖြင့် pact Myanmar အဖွဲ့မှ ငွေစု ငွေချေးခြင်းနှင့် ပါတ်သက်သည့် နည်းပညာရပ်ကို ပံ့ပိုးပေးသော်လည်း စိတ်ဝင်စားမှုမရှိကြပေ။ ထို့ကြောင့် ရှိနေပြီးသော ကျေးရွာအခြေပြုငွေစု ငွေချေးအဖွဲ့များကို စွမ်းရည်ဆိုင်ရာသင်တန်းများ ရယူ၍ အခြားချေးငွေရနိုင်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက် လုပ်ဆောင်နိုင်ရန် လိုအပ်ပါမည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ချောင်းခွကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းရှိ၍ ပညာရေးလက်လှမ်းမှီမှု ရှိပါသည်။ ကျောင်းဆောင် အရေအတွက်နှင့် ကျောင်းသား အရေအတွက်မှာ လုံလောက်မှုမရှိသည့်အတွက် ကျောင်းစာကြည့်တိုက်နှင့် ကျောင်းသိပ္ပံခန်းများတွင်ပါ စာသင်နေရပါ သည်။ ကျောင်းပရိဘောဂများသည် လုံလောက်မှုမရှိသေးပါ။ ချောင်းခွအထက်တန်းကျောင်းသည် ၂၀၁၄၊ ၂၀၁၅ ပညာသင်နှစ်တွင် ခရိုင်အဆင့်၌ ၅၇.၁၄ ဖြင့် အထက်တန်းအောင်ချက် ပထမ ရရှိပါသည်။ ကျောင်းတွင် မူလတန်းဆရာမ (၂) ဦး၊ အလယ်တန်းဆရာ/ဆရာမ (၂၃) ဦး၊အထက်တန်းဆရာ/ဆရာမ(၇)ဦးသင်ကြားနေပါသည်။ မူလတန်းကျောင်းတတ်နှုန်းသည် ရာခိုင်နှုန်းအပြည့်ရှိပါသည်။ ဆင်းရဲသောမိသားစုအချို့သာ သားသမီး ပညာရေးဆက်လက်သင်ကြားရန် ခက်ခဲမှုရှိပါသည်။ ကျေးရွာသည် (၁၀)တန်းစာမေးပွဲ ဖြေဆိုရာတွင် တံတားဦး မြို့သို့ သွားရောက်ဖြေဆိုရ၍ အခက်အခဲရှိပါသည်။ ထို့ကြောင့် လိုအပ်သော ကျောင်းသုံးပရိဘောဂများ၊ ကျောင်း အဆောက်အဦများ၊ စာစစ်ဌာနများကို သက်ဆိုင် ရာပညာရေးဌာန၊ လွတ်တော်ကိုယ်စားလှယ်များထံ တင်ပြချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ပေမည်။

ချောင်းခွကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနဆေးခန်း ရှိပါသည်။ ဟောင်းနွမ်းနေပြီ ဖြစ်ပါသည်။ ဆေးခန်းတွင် ကျန်းမာရေးမှူး (၁) ဦး၊ သူနာပြု (၁) ဦး၊ သားဖွားဆရာမ (၁) ဦး ရှိပါသည်။ ၎င်းအပြင် အရေးပေါ်လူနာများကို တံတားဦးပြည့်သူဆေးရုံ (၁၂မိုင်)၊ မန္တလေးပြည့်သူဆေးရုံ (၂၂မိုင်) သို့လည်း လမ်းပန်းဆက်သွယ်ရေးကောင်း၍ လွယ်ကူစွာသွားရောက်ကုသနိုင်ပါသည်။ ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်း ရှိသော်လည်း ဆေးခန်းအဆောက်အဦ ဟောင်းနွမ်း ပျက်စီးနေခြင်း၊ သားဖွားခန်း မရှိခြင်းတို့ကြောင့် ကိုယ်ဝန်ဆောင်သည်များ အိမ်တွင်မီးဖွားကြရပါသည်။ မွေးလူနာများအတွက် သားဖွားဆရာမကို အိမ်အရောက်ပင့်နိုင်ပြီး၊ စေတနာရှိသလောက် ကန်တော့၍ ရပါသည်။ ကျေးရွာတွင် လျှပ်စစ် မီးရှိသော်လည်း ကျေးလက်ကျန်းမာရေးဌာနတွင် မီးမရရှိသေးပါ။ ဆေးနှင့်ကာကွယ်ဆေးများ စနစ်တကျ ထားသိုရန်အတွက် အအေးခန်း မရှိသေးပဲ ရေခဲပုံးကိုသာ အသုံးပြုနေရပါသေးသည်။

ချောင်းခွကျေးရွာတွင် ရေချိုရသည့်တွင်း (၄) တွင်းရှိပြီး၊ (၂) တွင်းသည် အများသုံးတွင်းဖြစ်၍ (၂)တွင်းသည် မိသားစုသုံးတွင်းများဖြစ်သည်။ နှစ်ပတ်လည် သောက်သုံးရေရရှိသော်လည်း နွေရာသီ တွင်ရေခန်းလာခြင်း၊ ရေခပ်ယူရာတွင် အချိန်ကြာခြင်း၊ ရေသယ်ယူရဝေးခြင်း အခက်အခဲများ ရှိပါသည်။ သုံးရေအတွက် နှစ်ပတ်လည် လုံလောက်ပါသည်။ ချောင်းခွကျေးရွာသည် ယင်လုံအိမ်သာသုံးစွဲသည့်အလေ့အထ ရှိပါသည်။ အိမ်ထောင်စု (၄၂၉) အိမ်တွင် ယင်လုံအိမ်သာသုံးစွဲသူအိမ်ထောင်စု (၄၀၀) ရှိပါသည်။ ကျန်အိမ်ထောင်စုများသည် ပူးတွဲယင်လုံ အိမ်သာ ကို အသုံးပြုကြပါသည်။ ထို့အပြင် တစ်ကိုယ်ရေသန့်ရှင်းရေး ဗဟုသုတရှိကြပြီး၊ ကျန်းမာရေး ဌာန ဝန်ထမ်းများ၏ ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများ ရကြပါသည်။ ခြံပြီးကြည့်ရလျှင် ကျေးရွာတစ်ရွာလုံးနီးပါး ယင်လုံအိမ်သာကို အသုံးပြုကြပြီး သန့်ရှင်းရေးအတွက် သုံးရေလုံလောက်မှု ရှိပါသည်။

(ဆ) လူငယ်၊ ယဉ်ကျေးမှု၊ အားကစား။ ။ ချောင်းခွကျေးရွာတွင် ကျေးရွာ စာကြည့်တိုက် ရှိပြီး၊ လူငယ်များ စာပေဗဟုသုတလေ့လာရန် လက်လှမ်းမှီပါသည်။ သို့သော် ကျေးလက်နေလူထုသည် စာဖတ်ရန် အလေ့အထများလာရန် အသိပညာများပေးရန် လိုအပ်ပေမည်။ ကျေးရွာတွင် ဖျော်ဖြေရေးနှင့် ဆိုင်သော သီရေတာ၊ ရုံများမရှိပါ။ လူငယ်များသည် ကျေးရွာလူမှုစီးပွားရေးလုပ်ငန်းများ၊ ဘာသာရေး လုပ်ငန်းများတွင် ပရဟိတစိတ်ဓါတ်ဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာအားကစား ကွင်း၊ ခြင်းလုံးအားကစားကွင်းများရှိပြီး၊ ဘောလုံးကစားခြင်း၊ ခြင်းလုံးကစားခြင်းများ လုပ်ဆောင်နိုင် ကြပါသည်။ သို့သော်ကျေးရွာတွင် ယဉ်ကျေးလိမ္မာသင်တန်းများ၊ ဗုဒ္ဓဘာသာသင်တန်းများ မလုပ်နိုင် ခြင်း၊ ကလေး၊ လူငယ်များစိတ်ဝင်စားမှု နည်းပါးလာပါသည်။ ဖုန်းစသည်တို့ဖြင့် ဂိမ်းကစားခြင်း စသောအရာများနှင့်သာ အချိန်ကုန်ကြပြီး၊ အခြားစာပေဗဟုသုတများ လေ့လာရန် အသိနည်းကြ ပါသည်။ ယဉ်ကျေးလိမ္မာသင်တန်းများ၊ စာပေဟောပြောပွဲများ၊ ဆွေးနွေးပွဲများ ဖန်တီး ပေးရန် လိုအပ် ပေမည်။

(ဇ) အခြေခံ အဆောက်အဦ လက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး။ ။ ကျေးရွာသည် မန္တလေး၊ ပုဂံလမ်းပေါ်တွင် တည်ရှိခြင်း၊ ကျေးရွာမှ မြို့သို့သွားသော လမ်းမှာ ခရိုင်ချင်းဆက်လမ်း ကတ္တရာလမ်းဖြစ်၍ တစ်နှစ်ပတ်လုံး သွားလာနိုင်ပါသည်။ ကျေးရွာမှ ထွက်သော လိုင်းကား၊ ဆိုင်ကယ်တို့ဖြင့် သွားလာနိုင်ပါသည်။ ကျေးရွာတွင်းလမ်းမှာ မြေသားလမ်း ဖြစ်ပြီး တစ်နှစ်ပတ်လုံး အသုံးပြု၍ရပါသည်။ မိုးရာသီတွင် အနည်းငယ် ခက်ခဲပါသည်။ ကျေးရွာ အိမ်ထောင်စု(၄၂၉)အိမ်ရှိသည့်အနက်(၁၉၆)အိမ်သည်လျှပ်စစ်မီးလက်လှမ်းမှီပါသည်။ ကျန်အိမ်ထောင်စု များသည် ဆိုလာမီး၊ ဘက်ထရီ၊ ဒီဇယ်အင်ဂျင်မီးများကို သုံးစွဲကြပါသည်။ ကျန်အိမ်ထောင်စုများ လျှပ်စစ်မီးသွယ်တန်းနိုင်ရန် မီးလင်းရေးကော်မတီမှဦးဆောင်၍ ရံပုံငွေစုစည်းခြင်း၊ အရစ်ကျ ကောက် ခံခြင်း၊ သက်ဆိုင်ရာအလှူရှင်၊ ဌာနများနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပေမည်။ ချောင်းခွ ကျေးရွာလူထုသည် ဆက်သွယ်ရေးသတင်းအချက်အလက်နှင့် သက်ဆိုင်သည့် တယ်လီဖုန်း၊ ရေဒီယို၊ တီဗွီများကို လက်လှမ်းမှီကြပါသည်။ ရွာလူထု၏ (၈၀%) ကျော်သည် တယ်လီဖုန်း အသုံးပြုကြပြီး ကျေးရွာတွင် တယ်လီနော တာဝါတိုင် ရှိ၍ ဆက်သွယ်မှုကောင်းမွန်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူလုံခြုံရေး။ ။ ကျေးရွာတွင် ပဋိပက္ခများ၊ ရာဇဝတ်မှုများ ကြီးကြီးမားမား မဖြစ်ဖူးပါ။ ကျေးရွာသည် တည်ငြိမ်အေးချမ်းမှုရှိပါသည်။ ကျေးရွာတွင် အရံမီးသတ် တပ်ဖွဲ့ရှိပြီး၊ မီးဘေးအန္တရာယ်နှင့် အခြားသဘာဝဘေးအန္တရာယ်အတွက် ကျေးရွာကို အမြဲအသိပေး လှုံ့ဆော်လျက်ရှိပါသည်။ ချောင်းခွနယ်မြေ ရဲစခန်းသည် ကျေးရွာတွင်ရှိပါသည်။ ကျေးရွာသူ/သားများ၊ လူငယ်များသည် လုံခြုံအေးချမ်းသော ပတ်ဝန်းကျင်တွင် နေရသည့်အတွက် လူကုန်ကူးမှု၊ ခိုးမှု၊ အကြမ်း ဖက်မှုစသော မှုခင်းများ ဖြစ်ပွားမှုမတွေ့ကြုံဖူးပါ။ ကျေးရွာသည် ဘေးအန္တရာယ်ကင်းဝေး၍ လုံခြုံမှု ရှိပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

ကွင်းဆင်းတွေ့ရှိချက်များ၊အမြင်များကို အခြေခံ၍ ချောင်းဂွကျေးရွာ၏ ဖွံ့ဖြိုး တိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများကို အောက်တွင် ဖော်ပြထား ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကိုအထောက်အကူပြုသောအခြေအနေကောင်းများ

ချောင်းခွကျေးရွာတွင် ဖွံ့ဖြိုးရေး၊ လူမှုစီးပွားရေးလုပ်ငန်းများတွင် တက်ကြွစွာဆောင်ရွက်နေ သော အဖွဲ့အစည်းများ၊ လူငယ်များ ရှိပါသည်။ ကျေးရွာတွင် တစ်ဝက်ကျော်သောလူဦးရေသည် အလုပ် လုပ်နိုင်သော လူဦးရေဖြစ်၍ ကျေးရွာ၏ စီးပွားဖွံ့ဖြိုးမှုကို များစွာအကျိုးပြုပါသည်။ ကျေးရွာတွင် ဘွဲ့ရပညာတတ် များလည်းရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးအတွက် ကျယ် ပြန့်ပြူး၍ မြေဆီဩဇာ

ကောင်းမွန်သော လယ်ယာမြေ များရှိပါသည်။ ကျေးရွာတွင် နွား၊ ဆိတ်၊ သိုးများမွေးမြူကြ၍ သဘာဝ နွားချေးမြေဩဇာ ပေါများစွာရှိပါသည်။ ကင်းတားဆည်မှ ဆည်ရေလက်လှမ်းမှီ၍ လယ်သမားအချို့ မိုးစပါးစိုက်ပျိုးနိုင်ပါသည်။ ကျေးရွာသည် မန္တလေး၊ ပုဂံလမ်း၊ ကျောက်ဆည်ခရိုင်ချင်းဆက်လမ်း ပေါ်တွင် တည်ရှိ၍ စိုက်ပျိုးရေး သွင်းအားစုများ၊ ထုတ်ကုန်များ ဂယ်ယူ၊ ရောင်းချရန် လမ်းပန်း ဆက်သွယ်ရေး အဆင်ပြေပါသည်။

တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းအတွက် အစာ၊ ရေစာပေါများခြင်း၊ မွေးမြူရေး ထုတ်ကုန်များရောင်းချရန် ဈေးကွက်ရှိခြင်း၊ ရေမြေရာသီဥတုသင့်တော်ခြင်း၊ ကျွဲနွားစာအတွက် နွားစားပြောင်းများစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းပါသည်။ တိရစ္ဆာန်ကာကွယ်ရေးအတွက် ကာကွယ်ဆေး၊ ကုသဆေးများလည်း လက်လှမ်းမှီပါသည်။ နို့စားနွားများ တိုးချဲ့မွေးမြူရန် ရေမြေသင့်တော်ခြင်း၊ မြဘုရင်နို့ချက်စက်ရုံများနှင့် လက်လှမ်းမှီပါသည်။

ကျေးရွာတွင်းနှင့် ပြင်ပအနီးအနားရွာများရှိ လယ်သမားများသည် စိုက်ပျိုးရေးကုန် ပစ္စည်းများ သယ်ယူရာတွင် လှည်းကိုအဓိကအသုံးပြုကြ၍ လှည်းလုပ်ငန်းသည် ဈေးကွက်အလားအလာရှိပါသည်။ ပန်းပဲလုပ်ငန်းသည်လည်း နံမည်ရသော လုပ်ငန်းတစ်ခုဖြစ်ပြီး၊ ချောင်းခွမားသည် နံမည်ရပါသည်။ ကျေးရွာတွင် ၎င်းလုပ်ငန်းများနှင့် ပတ်သက်၍ ကျွမ်းကျင်ပညာရှင်၊ လုပ်သားများ ရှိပါသည်။ ကျေးရွာသည် ရေးဟောင်းယဉ်ကျေးမှုထွန်းကားသော ဒေသ၊ မြို့နယ်များနှင့် အနီးတွင်ရှိ၍ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ ဝင်ငွေရရှိရန် အခွင့်အလမ်းရှိပါသည်။ ကျေးရွာသည် ရန်ကုန် မန္တလေးအဝေးပြေးလမ်းမကြီးဘေးနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အနီးတွင်တည်ရှိ၍ ကုန်စည် ကူးသန်းရောင်းဝယ်ရန် ဈေးကွက် လက်လှမ်းမှီမှု ရှိပါသည်။

ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းရှိပါသည်။ ကျောင်းသူသားများသည် ပညာရေး လက်လှမ်းမှီမှုရှိပါသည်။ ဆရာ/မများသည် သင်ကြားရေး ကောင်းမွန်ကြပြီး၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ခရိုင်အဆင့် တက္ကသိုလ်ဝင်တန်းအောင်ချက်ရာခိုင်နှုန်းကောင်းသော ကျောင်းတွင် ပါဝင်ပါသည်။ ကျေးလက်ဆေးပေးခန်းရှိပြီး၊ ကျန်းမာရေးမှူး ၁ ဦး၊ သူနာပြု ၁ ဦး၊ သားဖွား ၁ ဦးတို့ သည် လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှု ရရှိပါသည်။ သုံးရေအတွက် အဝီစိတွင်းများ၊ ရေကန်များ လုံလောက်၍ သောက်ရေ ရနိုင်သော ရေတွင်း ၂ တွင်းရှိပါသည်။

အခြေခံအဆောက်အဦပိုင်းအနေဖြင့် ကျေးရွာသည် မန္တလေး၊ ပုဂံလမ်း၊ ကျောက်ဆည် ခရိုင်ချင်းဆက်လမ်းပေါ်တွင်ရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ ၎င်းအပြင် ကျေးရွာ စီးပွားရေး လုပ် ငန်းများ တိုးချဲ့လုပ်ဆောင်နိုင်ရန် လျှပ်စစ်ဓါတ်အားလိုင်း လက်လှမ်းမှီမှုရှိပါသည်။

(ခ) ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ၊ ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် ကျေးရွာအဆင့်တွင် အောက်ပါ အဟန့် အတားများ၊ စိန်ခေါ်မှုများ ရင်ဆိုင်ရပါသည်။

ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုကဏ္ဍတွင် လူငယ်၊ အမျိုးသမီးများ၊ ဆင်းရဲသား များကို ထုံးတမ်းအစဉ်အလာအရ အတွေ့အကြုံမရှိဟုထင်မြင်ကြပါသည်။ အုပ်ချုပ်ရေးမှူး၊ ရပ်မိ ရပ်ဖများသာ ကဏ္ဍအများစုတွင် လွှမ်းမိုးဆောင်ရွက်ကြပါသည်။ လူငယ်များ၊ အမျိုးသမီးများကို နေရာမပေး၊ ဆုံးဖြတ်ခွင့်၊ ပါဝင်ခွင့် မပေးကြပါ။

ကင်းတားဆည်ရေသောက်ဧရိယာတွင်ပါသော်လည်း ဆည်ရေမလုံလောက်ခြင်း၊ ဆည် ရေလွှတ် ချိန်နောက်ကျခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်မှု နောက်ကျပြီး၊ အထွက်နှုန်းလျော့နည်းပါသည်။ ကျေးရွာသည် မိုးကောင်းသောက် အပူပိုင်းဇုံမိုးနည်းဒေသတွင်ရှိ၍ စိုက်ပျိုးထုတ်လုပ်မှု သေချာမှုမရှိပါ။ နှစ်စဉ် မိုးခေါင်သည်ကို ကြုံတွေ့ရပါသည်။ စိုက်ပျိုးရေးနည်းပညာများ၊ ပိုးမွှားရောဂါကာကွယ် နည်းများမသိ၊ မရခြင်းကြောင့် စပါးတွင် ဆစ်ပိုး၊ နှမ်း၊ မြေပဲ၊ ကုလားပဲများတွင် သီးလုံးဖောက်ပိုး၊ ရွက်လိပ်ပိုးစသော ပိုးမွှားများ ကျရောက်ဖျက်ဆီး၍ အထွက်နှုန်း ကျပါသည်။ စိုက်ပျိုးထုတ်လုပ်သော သီးနှံများကို ဈေးကောင်းမရခြင်း၊ ဈေးနှုန်းအတက် အကျများ ခြင်း၊ တောင်သူလက်ဝယ် ကုန်ရှိချိန်တွင် ဈေးမကောင်းဘဲ၊ ဈေးကောင်းရအောင် မလှောင်နိုင်ခြင်းကြောင့် ပွဲစားများသာ ဈေးကောင်းရကြ ပါသည်။

တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့မွေးမြူရန် အသိပညာမရှိကြပါ။ တိမွေးကု ဌာနနှင့် ချိတ်ဆက်နေသော်လည်း ပုံမှန်ကာကွယ်ဆေး၊ ကုသဆေးဆိုင်ရာ ဝန်ဆောင်မှု ဖွံ့ဖြိုးမှု အားနည်းပါသည်။ ကာကွယ်ဆေးထိုးလျှင် ရောဂါဖြစ်နိုင်သည်ဟု အယူအဆရှိကြပါသည်။ ဥပမာ နို့စား နွားများတိုးချဲ့ မွေးမြူရန် အခြေခံမွေးမြူရေးနည်းပညာရှိသော ကျွမ်းကျင်လုပ်သားများ ရှားပါးပါသည်။ လှည်းလုပ်ငန်းသည် လက်မှုပညာ ဖြစ်၍ ထုတ်ကုန်များကို အကန့်အသတ်နှင့်သာ ထုတ်လုပ်နိုင်ပါသည်။ ထို့အပြင် လှည်းလုပ်ငန်းတွင်သုံးသောသစ်သည် ဥပဒေအရ တရားဝင်တားမြစ်ထားပါသည်။ နို့နှင့် ပတ်သက်သော နို့ထွက်ပစ္စည်းလုပ်ငန်းများ၊ အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် စွန့်ဦးတီထွင် နိုင်မှု မရှိကြပါ။ ခရီးသွားလုပ်ငန်းကဲ့သို့ လုပ်ငန်းများသည် အရင်းအနှီးရင်းနှီးထားသော်လည်း အမြတ် အစွန်းရရန် အချိန်ကြန့်ကြာပါသည်။

ပညာရေးကဏ္ဍအတွက် လိုအပ်သော အထောက်အပံ့များရယူရန်၊ စာစစ်ဌာနပွင့်ရန် နိုင်ငံတော် အဆင့် လုပ်ဆောင်ရမည်ဖြစ်၍ အချိန်ကြန့်ကြာနိုင်ပါသည်။ ကျန်းမာရေးဝန်ထမ်းများ လုံလောက်မှု နည်းပါး၍ ကျေးလက်ဆေးပေးခန်းလက်အောက်ရှိ ကျေးရွာအားလုံးကို ကျန်းမာရေး ဝန်ဆောင်ပေး နိုင်မှု အားနည်းပါသည်။ သောက်သုံးရေအတွက် စက်ရေတွင်းတူးရန် အရင်းအနှီးများ၍ ကျေးရွာလူထု အနေဖြင့် မတက်နိုင်ကြပါ။ ရေချိုရရှိရန်သည်လည်း ရေကြောနှင့် ရေသန့်စင်မှုပေါ်တွင် များစွာမူတည် နေပါသည်။ ရေထုတ်မြောင်း၊ ရေနုတ်မြောင်းများ ပိတ်ဆို့ခြင်းကို ကျေးရွာလူထု ပူးပေါင်း ခြင်းဖြင့် ထိန်းသိမ်းစောင့် ရှောက်သော အလေ့အထများနည်း၍ နှစ်စဉ် ရေလွှမ်းခြင်း ခံရပါသည်။

၆။ ရည်ရွယ်ချက်ပန်းတိုင် နှင့် ဗျူဟာ

(က) ရည်ရွယ်ချက်ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာများကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ချောင်းခွကျေးရွာသည် စိုက်ပျိုးရေးကို အခြေပြုသော ကျေးရွာတစ်ရွာ ဖြစ်၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ အောက်ပါကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင် ၃ ချက်ကို ရေးဆွဲထားပါသည်။

(က) စိုက်ပျိုးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းနှင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူခြင်းဖြင့် မိသားစုများ ဝင်ငွေတိုးလာစေရမည်။

(ခ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေခြင်းနှင့်အတူ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာစေရမည်။

(ဂ) လူငယ်လူရွယ်များပညာရေးတတ်မြောက်မှုပြည့်စုံလာခြင်းနှင့်လူထုတစ်ရပ်လုံး ကောင်းမွန်သော အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုများ ရလာစေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

အထက်ပါကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်ပန်းတိုင်များ ပြည့်မှီရန်အတွက် ကျေးရွာအတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကိုအထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာ ဌာနများ၊ ရပ်မိရပ်ဖ များ၊ ကျေးရွာလူထုများ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ်ထားပါသည်။

(၁) ကျေးရွာအခြေပြု အဖွဲ့အစည်းများကြား ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု မြှင့်တင်ပေးရန် စီမံအုပ်ချုပ်မှု၊ ငွေရေးကြေးရေးစီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု သဘောတရားများဖွံ့ဖြိုးစေခြင်း၊ သင်တန်းများပေးခြင်း ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း၊ ဖွံ့ဖြိုးရေးသဘောတရားသင်တန်းများ ချိတ်ဆက်ခြင်း၊ ကျေးရွာအခြေပြုအဖွဲ့များအချင်းချင်း ချိတ်ဆက်မှုကောင်းမွန်လာရန်လုပ်ဆောင်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာရပ်မိရပ်ဖ ခေါင်းဆောင်များနှင့်ပူးပေါင်း ဆောင်ရွက်နိုင်ရန်လူငယ်၊ အမျိုးသမီးများကို နေရာပေးခြင်းများ လုပ်ဆောင်ရန် လိုပါမည်။

(၂) စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ကင်းတားဆည်မြောင်းရေ လုံလောက်စွာရရန် ဆည်မြောင်းဌာနနှင့် ချိတ်ဆက်ခြင်း၊ မြေအောက်ရေ၊ မိုးရေလှောင်ကန်များ စမ်းသပ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးနည်းပညာ (ပိုးမွှားရောဂါကာကွယ်ရေး၊ အထွက်တိုးစိုက်ပျိုးနည်းများ၊ နှစ်ရှည်ပင်သီးနှံစိုက် ပျိုးနည်းများ) လက်လှမ်းမီရန် ချိတ်ဆက်ခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ အချိန်မှီအသုံးပြုနိုင်ရန် ပုဂ္ဂလိကစီးပွားရေးသမားများနှင့် ချိတ်ဆက်ခြင်း၊ ချေးငွေလုံလောက်ရန် ချေးငွေရနိုင်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရန် စိုက်ခင်းများ၊ ပုဂ္ဂလိကခြံများနှင့် ချိတ်ဆက်ခြင်းများလုပ်ဆောင်ရမည်။ မိသားစုဝင်ငွေတိုးစေရန်

မွေးမြူရေးတိရိစ္ဆာန်များ တိုးချဲ့မွေးမြူရန် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ကိုင်ခြင်း (ဂက်၊ ကြက်၊ ဆိတ်)၊ ဘက်စုံစိုက်ပျိုးမွေးမြူရေး လုပ်ဆောင်ခြင်း၊ တိရစ္ဆာန်ရောဂါကာကွယ်ကုသရန်အလေးထားစိတ် မြှင့်တင်ခြင်း၊ တိရစ္ဆာန်ရောဂါ ကာကွယ်ကုသရေး ဝန်ဆောင်မှု များသို့ လက်လှမ်းမီရန် ဆောင်ရွက်ခြင်း၊ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရန်စုစည်းမှုစနစ်တည်ဆောက်ခြင်း စီးပွားဖြစ်ပုဂ္ဂလိကနို့စားနွားများ မွေးမြူရေးလုပ်ငန်း တည်ထောင်ခြင်း ၊ ပုဂ္ဂလိကနို့ထွက်ပစ္စည်း စက်ရုံ တည်ထောင်ခြင်း ဘဏ်များနှင့် ချိတ်ဆက်ခြင်းများလုပ်ဆောင်ရမည်။

(၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေး လုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရန် ဈေးကွက်ချဲ့ထွင်ခြင်း (လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကကဏ္ဍများ) လှည်းလုပ်ငန်းတွင် သစ်အသုံးပြုနိုင်ရန် လိုင်စင်များရရှိရန် လုပ်ဆောင်ခြင်း၊ သမ၊ကျေးလက်၊ ပုဂ္ဂလိက၊ အသေးစားချေးငွေအဖွဲ့အစည်းများနှင့် ချေးငွေရရန်ချိတ်ဆက်ရန်။ အစီအစဉ်ကျသော မူဝါဒပိုင်း ထောက်ပံ့မှုအတွက် တင်ပြခြင်း၊ ဒေသတွင်းလွှတ်တော် ကိုယ်စားမှတဆင့် ဒေသဖွံ့ဖြိုးရေးအစီအစဉ်များတွင် ထည့်သွင်းနိုင်ရန် ဆက်သွယ်ခြင်း (ခရီးသွားလုပ်ငန်း) များ လုပ်ဆောင်ရမည်။

(၄) ကျေးရွာလူထုများ ပိုမိုကောင်းမွန်သော ကျန်းမာရေး စောင့်ရှောက်မှုနှင့် တစ်နှစ်ပတ်လုံး သောက်သုံးရေလုံလောက်စွာရရှိရန် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများတွင် ပါဝင်လာရန် ဖိတ်ခေါ်ခြင်း၊ ကျေးရွာတွင်းလမ်းများတွင် ရေနှုတ်မြောင်းများတည်ဆောက်ခြင်း၊ ကျေးလက်ကျန်းမာရေးဆေးခန်းတွင် ဆေးသိုလှောင်ရန် အအေးခန်းများ၊ မွေးခန်းများ တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းများ၊ ရေလှောင်အုတ်ကန်များ တည်ဆောက်ခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်း အခြေခံကျန်းမာရေး စောင့်ရှောက်မှုအသိများရလာစေရန် လုပ်ဆောင်ခြင်းများ ရှိပါသည်။

(၅) ပျော်ရွှင်ဖွယ်ကောင်းသော ပညာရေးဂန်းကျင် အခြေအေနများ ဖန်တီးပေးရန် စွမ်းဆောင်ရှိသော ကျောင်းအကျိုးတော်ဆောင်ကော်မတီဖွဲ့စည်းခြင်း၊ ကျောင်းအဆောက်အဦများ ပြင်ဆင်ခြင်း (ပညာရေးဌာန နှင့်ချိတ်ဆက်ခြင်း) ကျောင်းအကျိုးတော် ဆောင်များကို ပုံစံကျသော ရုံးစာရေးနည်းများ ပံ့ပိုးခြင်း၊ ကျောင်းသုံးဂရိဘောဂများ ပြည့်စုံရန် လုပ်ဆောင်ခြင်း၊ လိုအပ်သော ဆရာမအင်အားများ ခန့်ထားနိုင်ရန် ပညာရေး ဌာနများသို့ တင်ပြခြင်း၊ စာစစ်ဌာနပွင့်ရန် လွှတ်တော်ကိုယ်စားလှယ်များကို ဆွေးနွေးတိုင်ပင် စာတင်ခြင်း၊ ကျေးရွာလူထုကို စည်းရုံးလှုံ့ဆော်ခြင်းများ လိုပါမည်။

(၆) ကျေးရွာအတွင် အခြေခံကျန်းမာရေး ဂန်ဆောင်မှုများ ရရှိ၍ တစ်နှစ်ပတ်လုံး သောက်သုံးရေလုံလောက်စွာရရှိရန် ကျေးလက်ဆေးခန်းဖြစ်မြောက်ရေးကော်မတီများဖွဲ့စည်းခြင်း၊ ကျေးလက်ကျန်းမာရေးဆေးခန်းပြုပြင်ရန် မြို့နယ် ကျန်းမာရေးဌာနနှင့်ချိတ်ဆက် လုပ်ကိုင်ခြင်း၊ ဆေးဝါးများ ရေရှည်စနစ်တကျ သိုလှောင်နိုင်ရန် အအေးခန်းဆောက်လုပ်ခြင်း၊ သောက်သုံးရေအတွက် ရေချိုရနိုင်သော ရေတွင်းများ စမ်းသပ်တူးဖော်ရန် နည်းပညာ၊ ရံပုံငွေများရရန် ကျေးလက်ဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်း၊ မိုးရေလှောင်ကန်များ ပြုလုပ်သိုလှောင်ရန် ဆောင်ရွက်ခြင်းများ လုပ်ရပါမည်။ ကျေးရွာအိမ်ထောင်စုများ ရေလွှမ်းမိုးခြင်းမှ ကင်းဝေးရန် ရေထုတ်မြောင်းများကို ကျေးရွာလူထုပူးပေါင်း၍ ပုံမှန်ရှင်းလင်းခြင်း၊ ကျေးရွာကကိုယ်ထူကိုယ်ထစနစ်ဖြင့်လုပ်ဆောင်ခြင်း၊ လိုအပ်လျှင် ကျေးလက်ဌာနသို့ နည်းပညာအကူအညီတောင်းရန် ဖြစ်ပါသည်။

(၇) လူငယ်များနှင့်ယဉ်ကျေးမှုဖွံ့ဖြိုးလာရန် လုပ်ဆောင်ရန် စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း၊ အခြေခံကျွမ်းကျင်မှုသင်တန်းများ ချိတ်ဆက်လုပ်ဆောင်ခြင်း (ကွန်ပြူတာ၊ အင်္ဂလိပ်စာ)၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ ထုံးတမ်းများထိန်းသိမ်းလာနိုင်စေရန် ဓမ္မစကူးလ်များ၊ ယဉ်ကျေးလိမ္မာသင်တန်းများ လုပ်ဆောင်ခြင်းများ လုပ်ရပါမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မလုပ်ဆောင်နိုင်သော၊ မဖြေရှင်းနိုင်သော ပြဿနာများအတွက် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ မြို့နယ်အဆင့်တွင် မူဝါဒများ၊ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို နိုင်ငံတော်အဆင့်၊ ဒေသအဆင့်မူဝါဒနှင့် အစီအစဉ်ကျသော ချိတ်ဆက်မှုများ လုပ်ဆောင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်သက်ဆိုင်သော မြို့နယ်အဆင့် ဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ ရှိပါသည်။

(က) ချောင်းခွကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှု၊ အထွက်နှုန်း တိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ ကင်းတားဆည်ရေ လက်လှမ်းမှီသော်လည်း မလုံလောက်ခြင်း၊ ရေလွှတ်ချိန် မမှန်ခြင်းတို့ကြောင့် စိုက်ပျိုးချိန်နောက်ကျခြင်း၊ စိုက်ပျိုးရေမလုံလောက်ခြင်းများကြုံရပါသည်။ ဆည်မြောင်း ဌာနအနေဖြင့် ဆည်ရေလွှတ်ချိန်၊ ဆည်ရေလှောင်နိုင်မှုပမာဏတို့ ကိုချိန်ဆ၍ ဆည်မြောင်းလက်တံနှင့် ဝေးသော ၎င်းဒေသများအတွက် ရေလုံလောက်စွာပေးရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်သင့်ပါသည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ် နှစ်တိုင်း အထွက်နှုန်း ကျဆင်းလာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံလောက်ခြင်း၊ ဘက်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန်မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘက်ဂျက်များကို ဒေသလိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘက်ဂျက်လျာထားချက်များထားရှိခြင်းများကို လုပ်ဆောင်သင့်ပါသည်။ သုတေသနလုပ်ငန်းများကိုလည်း ကွင်းအတွင်းမှ ပညာပေးဝန်ထမ်းများ၏ တွေ့ရှိချက်များကို အခြေခံ၍ လုပ်ဆောင်နိုင်ရပါမည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှု များမရရှိကြပါ။ အဖြစ်များသောတိရစ္ဆာန်ရောဂါများ ကာကွယ်ကုသနိုင်ရန် ပုံမှန်ကာကွယ်ကုသခြင်းဆိုင်ရာ ဖွံ့ဖြိုး မှုအလေ့အထများ ရှိလာရန် တိမွေးကုဌာနများနှင့် အစီအစဉ်များ၊ မူဝါဒများ ချိတ်ဆက်ရန် လိုပါမည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာမူဝါဒများကိုလည်း ထိရောက်စွာ လုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင်လိုအပ်သော အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘက်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့်လုပ်ဆောင်ရပါမည်။ ပညာရေးတတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင် နိုင်ရန် ပညာရေးဆိုင်ရာ အခြေခံအဆောက်အဦများ၊ အရည်ချင်းပြည့်ဝသော၊ လုံလောက်သောဆရာ၊ ဆရာမများဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ)ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာအခြေပြု အသေးစား စီးပွားရေးလုပ်ငန်းများ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်းမှီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေစနစ်များလိုအပ်ပါသည်။ ကျေးလက်ဒေသများသည် မြို့များနှင့် နိုင်းယှဉ် ပါကစီးပွားရေးအဆင့်အတန်း၊ စီးပွားရေးဖွံ့ဖြိုးမှုသည် နှေးကွေးပါသည်။ ဘဏ်လုပ်ငန်းများ၊ အခြား ငွေရေးကြေးရေး မူဝါဒများကို ကျေးလက်ဒေသကိုအခြေပြု၍ ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းလုပ် ဆောင်ရပါမည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်မည့်ကာလ

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်။ ။ ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု(၂-၃)နှစ်ကျော် လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင် ရန်လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း ငါးနှစ်တာအတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင် အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုး ရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း။ ။ အစီအစဉ်နှင့် စီမံချက် များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များခွဲခြမ်းသုံးသပ်ရာတွင်များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံကိန်းများကို သိရှိနားလည်ရန်

အထောက်အကူပြုပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့် သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖေါ်ပြခြင်း ဖြစ်ပါသည်။

(၁) သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ။ ။ လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ပွားရမ်းခစသည်များ

(၂) ငွေလုံးငွေရင်းအသုံးစရိတ် (Capital Expendiuture) ဥပမာ။ ။ ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဂယ်ယူရသော ရင်းနှီးမြှုပ်နှံမှုများ။

(၃) စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံး စရိတ်၊

(၄) လူသားချင်းစာနာမှုအထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ချောင်းခွကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံချက်ဖော်ပြချက်	မှတ်ချက်
၁။ ရေနှင့် သန့်ရှင်းရေး	၂။ တစ်နှစ်ပတ်လုံးသန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိရန်	၉၉	၁	ကျေးရွာတွင် သောက်သုံးရေလုံ လောက်စွာရရန် နည်းပညာ၊ ငွေကြေး အကူအညီများအတွက် ကျေးလက်၊ အန်ဂျီအိုများနှင့် ချိတ်ဆက်ခြင်း သောက်သုံးရေ အ တွက် ကျေးရွာတွင်း စက်ရေတွင်းများ တူးဖော်ခြင်း၊ ရှိပြီးသား စက်ရေတွင်းများမှ ရေပိုက်လိုင်းများ သွယ်တန်း ရယူခြင်း ဆိုင်ရာ နည်းပညာ၊ ငွေကြေးအကူအညီ အတွက် ကျေးလက်၊ နယ်စပ်စည်ပင် ဌာနများနှင့် ချိတ်ဆက်ခြင်း မိုးရေလှောင်ကန်များပြုလုပ် သိုလှောင်ရန် ဆောင်ရွက်ခြင်း။	ကျေးလက်ဦးစီး
၂။ ကျန်းမာရေးနှင့် သောက်သုံးရေ ၂.၁ ကျန်းမာရေး	၁။ အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုနှင့်ပန်ဆောင်မှုများမှကောင်းမွန်သောကျန်းမာရေးအဆင့်အတန်းများရရှိလာစေရန်	၉၃	၂	ကျေးရွာသည် ကျန်းမာရေးဆေးပေးခန်းရှိသော်လည်း ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများရရန်ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ခြင်း ကျေးလက်ဆေးခန်းဖြစ် မြှောက်ရေးကော်မတီများ ဖွဲ့စည်းခြင်း ကျေးလက်ကျန်းမာရေးဆေးခန်းပြုပြင်ရန် မြို့နယ်ကျန်းမာရေး ဌာနနှင့် ချိတ်ဆက် လုပ်ကိုင်ခြင်း။ ဆေးသိုလှောင်ရန် အအေးခန်း၊မွေးခန်းများဆောက်လုပ်ခြင်းအခြေ	

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံချက်ဖော်ပြချက်	မှတ်ချက်
				ခံကျန်းမာရေး စောင့်ရှောက်မှု အသိများရရန်ချိတ်ဆက်ခြင်း။	
၃။ ပညာရေး	၁။ ကလေးသူငယ်များအတွက် ပျော်ရွှင်ဖွယ် ကောင်းသော ပညာရေးပတ်ဝန်းကျင် ကောင်းများတွင် သင်ကြားနိုင်ရန်	၈၉	၃	ကျေးရွာတွင်အခြေခံပညာအထက်တန်းကျောင်း ရှိ၍ သင်ထောက်ကူ ပစ္စည်းများ လိုအပ်ခြင်း၊ စာစစ်ဌာန မပွင့်ခြင်းများအတွက် ပညာရေးဌာန၊ လွတ်တော် ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ခြင်းစွမ်းဆောင်နိုင်သော ကျောင်းအကျိုးတော်ဆောင်ကော်မတီ ဖွဲ့စည်းခြင်း ကျောင်းသုံးဂရိဘောဂများ ပြည့်စုံရန် လုပ်ဆောင်ခြင်း လိုအပ်သော ဆရာမအင်အားများ ခန့်ထားနိုင်ရန် ပညာရေးဌာနများသို့ တင်ပြခြင်း စာစစ်ဌာနဖွင့်လှစ်နိုင်ရန် ချိတ်ဆက် လုပ်ဆောင်ခြင်း။	
၄။ စိုက်ပျိုးရေး ၄.၁ သီးနှံ	၁။ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရန်ခေတ်မီ စိုက်ပျိုးရေး နည်းပညာများ ရယူရန် ချိတ်ဆက်ခြင်း။	၇၂	၄	ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံ လုပ်ကိုင်သော ကျေးရွာဖြစ်ပါသည်။ သို့သော် မိရိုးဖလာ စိုက်ပျိုးရေးကိုသာလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးသီးနှံများ ထုတ်လုပ်မှု တိုးတက်စေရန် စိုက်ပျိုးရေးနည်းပညာများချိတ်ဆက်ဆောင်ရွက်ရမည်။ မျိုးကောင်း မျိုးသန့်များရရန် ချိတ်ဆက်ခြင်း သုတေသနခြံများ၊(အစိုးရ၊ပုဂ္ဂလိကခြံများ)ခေတ်မှီနည်းပညာများ ရရှိရန် ချိတ်ဆက်ခြင်း (ဘက်စုံပိုးမွှားရော ဂါကာကွယ်ရေး နည်းပညာများ) စိုက်ပျိုးရေး သွင်းအားစုများအတွက် ချိတ်ဆက်ခြင်း (ကုမ္ပဏီများ) စိုက်ပျိုးရေးနည်းပညာများ	

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံချက်ဖော်ပြချက်	မှတ်ချက်
				လက်လှမ်းမှီရန် စိုက်ပျိုးရေးဌာနများနှင့် ချိတ်ဆက်ခြင်း နှစ်ရှည်ပင်သီးနှံများ တိုးချဲ့စိုက်ပျိုးခြင်း (သရက်၊ သနပ်ခါး) လုပ်ဆောင်မည်။	
၅။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော လုပ်ငန်းများ ၅.၁ ရပ်ရွာအခြေပြု စီးပွားရေးလုပ်ငန်းများ	၁။ ရပ်ရွာအခြေပြုအသေးစားစီးပွားရေး လုပ်ငန်းများ တိုးမြှင့်လုပ် ဆောင်ခြင်း	၇၀	၅	ကျေးရွာတွင်လှည်းလုပ်ငန်း၊ ထန်းလျော်တောင်းလုပ်ငန်းကဲ့သို့ အခြားစီးပွားရေး လုပ်ငန်းများ လည်းရှိပါ သည်။ ၎င်းလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ရန် အသေးစားလုပ်ငန်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ကျေးလက်ဌာနများနှင့်ချိတ်ဆက်ခြင်း၊ လှည်းလုပ်ငန်းတွင် သစ်တရား၀င် အသုံးပြုနိုင်ရန် ချိတ်ဆက် လုပ်ဆောင်ခြင်း၊ အခြားဈေးကွက်များသို့ ချဲ့ထွင်ခြင်း ဒေသတွင်း လွတ်တော်ကိုယ်စားမှတဆင့် ဒေသဖွံ့ဖြိုးရေး အစီအစဉ်များတွင်ထည့်သွင်းနိုင်ရန် ဆက်သွယ်ခြင်း (ခရီးသွားလုပ်ငန်း)။ ပုဂ္ဂလိကရင်း နှီးမြှုပ်နှံမှုများ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများတွင် ပါ၀င်လာရန် ဖိတ်ခေါ်ရန်။	ကျေးလက်ဦးစီး
၆။ ချေးငွေ	၁။ ကျေးရွာအတွင်း စနစ်ကျသော ချေးငွေ စနစ် ထူထောင်ရန်	၇၀	၆	ကျေးရွာတွင် မြစိမ်းရောင်၊ သမအသင်းများမှ ချေးငွေရသော်လည်း လုပ်ငန်းများ လည်ပတ်ရန် မလုံလောက်ခြင်း၊ ငွေတိုးချေးသူများ မှအတိုးငွေကြီးမားခြင်း၊ ပြည်တွင်းပြည်ပ ချေးငွေရနိုင်သောအဖွဲ့အစည်းများနှင့်ချိတ်ဆက်ခြင်း ကျေးရွာအခြေပြု ချေးငွေစုငွေ အစီအစဉ်များ ထူထောင်ခြင်း ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ဟိုတယ်နှင့်	ကျေးလက်ဦးစီး

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံချက်ဖော်ပြချက်	မှတ်ချက်
				ခရီးသွား လုပ်ငန်းများတွင် ပါဝင်လာရန် ဖိတ်ခေါ်ရန်။ ကျေးရွာအတွင်းရှိ ချေးငွေစုငွေ လုပ်ဆောင်နေသောအဖွဲ့များအားစွမ်းရည်မြှင့်တင်ခြင်း။	
၇။ အခြေခံအဆောက် အဦ ၇.၁ ရေနူတ်/ထုတ်မြောင်း	၁။ ကျေးရွာအုပ်ထောင်စုများ မိုးများချိန်တွင် ရေလွှမ်းမိုးမှု ကင်းဝေးရန် အဆင်ပြေ စွာ နေထိုင်နိုင်ရန်	၆၁	၇	ကျေးရွာ၏ အနိမ့်ပိုင်း အိမ်များတွင် မိုးများချိန်တွင် ရေထုတ်မြောင်းသည် ပိတ်ဆို့၍ ရေလွှမ်းခြင်း ခံရပါသည်။ ထို့ကြောင့် ရေထုတ်မြောင်းရေကောင်းစွာ စီးဆင်းရန် ကျေးရွာကကိုယ်ထူကိုယ်ထစနစ် ဖြင့်လုပ် ဆောင်ရန်။ လိုအပ်လျှင် ကျေးလက်ဌာနသို့နည်းပညာအကူအညီ တောင်းရန်။ ရေထုတ်မြောင်းများကို ကျေးရွာ လူထုပူးပေါင်း၍ပုံမှန်ရှင်းလင်း ခြင်းများ လုပ်ဆောင်ရန်လိုအပ်ပါမည်။	ကျေးလက်ဦးစီး
၈။ စိုက်ပျိုးရေ	၂။ စိုက်ပျိုးရေလုံလောက်စွာ ရရှိရန် (ဆည်ရေနှင့် အခြားအရင်း အမြစ်များ)	၅၉	၈	အပူပိုင်းဇုံ မိုးခေါင်ဒေသဖြစ်၍ စိုက်ပျိုး ရေခက်ခဲပါသည်။ ကင်းတားဆည်မှ ဆည်ရေရသော်လည်း လုံလောက်မှုမရှိပါ။ ကင်းတားဆည် ရေလုံလောက်စွာရရန် ဆည်မြောင်းဌာနနှင့် ချိတ်ဆက်ခြင်းမြေ အောက်ရေ၊ မိုးရေလှောင်ကန်များတူးဖော်၍ စမ်းသပ်စိုက်ပျိုးခြင်း လုပ်ဆောင်မည်။	
၉။ စီမံအုပ်ချုပ်မှု ကဏ္ဍ	၁။ ကျေးရွာစီမံကိန်းများ ပိုမိုလုပ်ဆောင်နိုင် ရန် ကော်မတီ၊ လုပ်ငန်းကော်မတီများကို စွမ်းရည်မြှင့်တင်	၅၅	၉	ကျေးရွာအတွင်း အဖွဲ့အစည်းများရှိ သော်လည်း အချင်းချင်း ချိတ်ဆက်မှုနည်းခြင်း၊ ဦးဆောင်ဦးရွက် ပြုသူများကိုသာ မှီခိုခြင်း၊ အဖွဲ့ဝင်များ	ကျေးလက်ဦးစီး

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံချက်ဖော်ပြချက်	မှတ်ချက်
	ပေးခြင်း			သည် တာဝန် ဝတ္တရားများကို မသိကြခြင်း၊ လုပ်ငန်းတာဝန် သတ်သတ်မှတ်မှတ်မရှိခြင်း။ ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းခြင်း ခေါင်းဆောင်မှုနှင့် ငွေကြေးစီမံ ခန့်ခွဲမှု သင်တန်းများပေးခြင်း ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ကျေးရွာ ရပ်မိရပ်ဖ ခေါင်းဆောင်များနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရန် လူငယ်၊ အမျိုးသမီးများကို နေရာပေးခြင်း။ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းများ ချိတ်ဆက်ခြင်းများ လုပ်ဆောင်ရန် လိုအပ်ပေမည်။	
၁၀။ လူငယ်၊ ယဉ်ကျေးမှု၊ အားကစား	၁။ လူငယ်များ အသိပညာ ဗဟုသုတများ ကြွယ်ဝလာစေရန်	၅၅	၁၀	ကျေးရွာ လူငယ်လူရွယ်များသည် ဘာသာရေး၊ အားကစား ပြိုင်ပွဲများတွင် ပါဝင်နိုင်ကြသော်လည်း စာပေ ဗဟုသုတများ ရှာမှီးရန် အခွင့်အလမ်းနည်းပါးခြင်းကြောင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးရန်စာပေဟောပြောပွဲများ၊ ဆွေးနွေးပွဲများဖန်တီး ပေးခြင်းလူငယ်များ စာဖတ်သော အလေ့အထ များ ထွန်းကား လာစေခြင်း အပတ်စဉ်ထုတ် ဂျာနယ်များ၊ သတင်းများ လက်လှမ်းမှီလာရန် လုပ်ဆောင်ခြင်း ယဉ်ကျေးလိမ္မာသင်တန်းများ၊ ဓမ္မစကူးလ်များ ပြုလုပ်ပေးခြင်း။	
၁၁။ မွေးမြူရေး	၁။ တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ တိုးတက်	၅၄	၁၁	ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ဆောင်ကြသော်လည်း မွေးမြူရေးကိုလည်း	

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံချက်ဖော်ပြချက်	မှတ်ချက်
၁၁.၁ မွေးမြူရေး	လာစေရန်			တဖက်တလမ်းမှ တိုးချဲ့မွေးမြူရန် ရေမြေသင့်တော် ပါသည်။ စီးပွားဖြစ်ပုဂ္ဂလိက နို့စားနွားများ မွေးမြူရေးလုပ်ငန်း တည်ထောင်ခြင်း ကြက်၊ ဝက်၊ ဆိတ်များ အသေးစား တနိုင်တပိုင် မွေးမြူခြင်း ပုဂ္ဂလိကနို့ထွက် ပစ္စည်းစက်ရုံ တည်ထောင်ခြင်း ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်အားပေးခြင်း။	
၁၂။ ကုသရေး၊ ကာကွယ်ရေး	၂။ မွေးမြူရေးတိရိစ္ဆာန်များ ကာကွယ်ဆေး၊ ကုသဆေးဆိုင်ရာအသိများဖွံ့ဖြိုးလာစေရန်	၃၅	၁၂	မွေးမြူရေးတိရစ္ဆာန်များ အခြေခံ မွေးမြူရေး စောင့်ရှောက်မှုများရရန်တိကုဋ္ဌာနနှင့် ချိတ်ဆက်ခြင်းအခြေခံမွေးမြူရေး လုပ်သားများ မွေးထုတ်ခြင်းတိရစ္ဆာန်ရောဂါကာ ကွယ်ကုသရန် အလေးထားစိတ်မြှင့်တင်ခြင်းတိရစ္ဆာန်ရောဂါကာကွယ်ကုသရေး ဝန်ဆောင်မှုများသို့ လက်လှမ်းမီရန် ဆောင်ရွက်ခြင်း ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ရန် စုစည်းမှု စနစ်တည် ဆောက်ခြင်း။	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံချက်ကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံချက်ကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

အကောင်အထည်ဖော်မည့် အချိန်ကာလ

စဉ်	စီမံချက်	ဦးစားပေး အဆင့်	ကာလ					မှတ်ချက်
			၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	
၁	တစ်နှစ်ပတ်လုံးသန့်ရှင်းသောသောက်သုံးရေလုံလောက်စွာရရှိရန်	၁	√					
၂	အခြေခံကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများမှ ကောင်းမွန်သော ကျန်းမာရေးအဆင့် အတန်းများ ရရှိလာစေရန်	၂	√					
၃	ကလေး သူငယ်များ ပျော်ရွှင်ဖွယ်ကောင်းသော ပညာရေး ပတ်ဝန်းကျင်ကောင်းများတွင် သင်ကြားနိုင်ရန်	၃	√					
၄	ခေတ်မီ စိုက်ပျိုးရေးနည်းပညာများ အသုံးပြုခြင်းဖြင့် ဝင်ငွေတိုး လာစေခြင်း	၄		√				
၅	ရပ်ရွာအခြေပြုအသေးစားစီးပွားရေး လုပ်ငန်းများ တိုးမြှင့် လုပ်ဆောင်ခြင်း ဖြင့် ဝင်ငွေတိုးလာစေရန်	၅		√				
၆	ရင်းနှီးမြှုပ်နှံမှုများလက်လှမ်းမှီ လာပြီးကျေး ရွာအတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်လုပ်ဆောင် နိုင်ရန်	၆		√				

စဉ်	စီမံချက်	ဦးစားပေး အဆင့်	ကာလ					မှတ်ချက်
			၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	
၇	ကျေးရွာအုပ်ထောင်စုများ မိုးများချိန်တွင် ရေလွှမ်းမိုးမှု ကင်းဝေးရန် အဆင်ပြေစွာ နေထိုင်နိုင်ရန်	၇		√				
၈	စိုက်ပျိုးရေ လုံလောက်စွာရရှိ စိုက်ပျိုး ထုတ်လုပ်မှု တိုးတက်လာစေရန်	၈			√			
၉	ကျေးရွာစီမံကိန်းများ ပိုမို လုပ်ဆောင်နိုင်ရန် ကော်မတီ၊ လုပ်ငန်း ကော်မတီ များကို စွမ်းရည်မြှင့်တင်ပေးခြင်း	၉			√			
၁၀	လူငယ်များ အသိပညာ ဗဟုသုတများ ကြွယ်ဝလာစေရန်	၁၀				√		
၁၁	တစ်နိုင်တစ်ပိုင်နှင့် စီးပွားဖြစ် မွေးမြူရေး လုပ်ငန်းများမှ ဝင်ငွေတိုးလာစေရန်	၁၁				√		
၁၂	မွေးမြူရေးတိရိစ္ဆာန်များ ကာကွယ်ဆေး၊ ကုသဆေးဆိုင်ရာ အသိများ ဖွံ့ဖြိုး လာစေရန်	၁၂					√	

၉။ ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာ ဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများ ရယူ၍ ပြန်လည် တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သောလုပ်သားအင်အား၊လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

စဉ်	စီမံချက်	စုစုပေါင်း ခန့်မှန်း ဘက်ဂျက် (ကျပ်)	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း			
			သာမန် အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသား ချင်းစာနာမှု အထောက် အပံ့
				ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံ မှု	စွမ်းဆောင် ရည်မြှင့် တင်ရေး	
၁	တစ်နှစ်ပတ်လုံးသန့်ရှင်းသောသောက် သုံးရေလုံလောက်စွာရရှိရန်			√		
၂	အခြေခံကျန်းမာရေး စောင့်ရှောက်မှု နှင့် ပန်ဆောင်မှုများမှ ကောင်းမွန် သော ကျန်းမာရေး အဆင့်အတန်း များ ရရှိလာစေရန်			√		
၃	ကလေး သူငယ်များ ပျော်ရွှင်ဖွယ် ကောင်းသော ပညာရေး ပတ်ပန်း ကျင် ကောင်းများတွင် သင်ကြား နိုင်ရန်			√		
၄	ခေတ်မီ စိုက်ပျိုးရေးနည်းပညာများ အသုံးပြုခြင်းဖြင့် ပင်ငွေ တိုးလာ စေခြင်း				√	
၅	ရပ်ရွာအခြေပြုအသေးစားစီးပွားရေး လုပ်ငန်းများ တိုးမြှင့် လုပ်ဆောင် ခြင်း ဖြင့် ပင်ငွေတိုးလာစေရန်			√		
၆	ရင်းနှီး မြှုပ်နှံမှုများ လက်လှမ်းမှီ လာပြီး ကျေးရွာအတွင်း အသက်မွေး ပမ်းကျောင်းလုပ်ငန်းများ တိုးတက် လုပ် ဆောင်နိုင်ရန်			√		
၇	ကျေးရွာအုပ်ထောင်စုများ မိုးများချိန် တွင်ရေလွှမ်းမိုးမှု ကင်းဝေး၍ အဆင် ပြေ စွာ နေထိုင်နိုင်ရန်			√		

စဉ်	စီမံချက်	စုစုပေါင်း ခန့်မှန်း ဘက်ဂျက် (ကျပ်)	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း			
			သာမန် အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသား ချင်းစာနာမှု အထောက် အပံ့
				ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံ မှု	စွမ်းဆောင် ရည်မြှင့် တင်ရေး	
၈	စိုက်ပျိုးရေ လုံလောက်စွာရရှိ စိုက်ပျိုး ထုတ်လုပ်မှု တိုးတက်လာစေရန်			√		
၉	ကျေးရွာစီမံကိန်းများ ပိုမိုလုပ်ဆောင် နိုင်ရန်ကော်မတီ၊ လုပ်ငန်းကော်မတီ များကို စွမ်းရည်မြှင့်တင်ပေးခြင်း				√	
၁၀	လူငယ်များ အသိပညာ ဗဟုသုတ များ ကြွယ်ဝလာစေရန်				√	
၁၁	တစ်နိုင်တစ်ပိုင်နှင့် စီးပွားဖြစ် မွေး မြူရေးလုပ်ငန်းများမှ ဝင်ငွေတိုးလာ စေရန်			√		
၁၂	မွေးမြူရေးတိရိစ္ဆာန်များ ကာကွယ် ဆေး၊ ကုသဆေးဆိုင်ရာ အသိများ ဖွံ့ဖြိုး လာစေရန်				√	
				၈	၄	

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင်အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ သည်ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီ အသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်

ရန်တာဝန်ယူ ဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန်မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူ အညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထား ရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင်ရွက်မည်။

ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်း များတည် ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင်ကော်မတီနှင့်အဖွဲ့အသီးသီးသည်၄င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ (monitoring report) ကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆို ပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်း ယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက် အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များ ကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှု အခြေအနေကို ဘက်စုံရှု ထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့ အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤ အကြံပြုချက်များဖြင့်ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(c) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက်လေ့လာစောင့်ကြည့်ခြင်းနှင့်အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

နောက်ဆက်တွဲ ၁ ကျေးရွာလူမှုစီးပွားရေးအခြေအနေ

၁။ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) ချောင်းခွကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ
၁ နှစ်အောက်	၇	၃	၁၀	၀.၅%	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၅၂	၅၀	၁၀၂	၅.၅%	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၅၄	၇၁	၁၂၅	၆.၈%	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၆၃	၆၁	၁၂၄	၆.၈%	အလယ်တန်းကျောင်းသားအရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၆၁၀	၇၂၅	၁၃၃၅	၇၃.၃%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၅၀	၇၅	၁၂၅	၅.၄%	သက်ကြီးရွယ်ကြီး
စုစုပေါင်း	၈၃၆	၉၈၅	၁၈၂၁	**၁၀၀%**	
	၄၂၉ အိမ်ထောင်စု		၄.၂၄ ဦး/အိမ်ထောင်စု		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၈ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်) (ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးများမှတဆင့် တစ်အိမ်တက်ဆင်း ကောက်ယူသည်။)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ၄၂၉ အိမ်ထောင်စုရှိပြီး၊ တစ်အိမ်ထောင်စုလျှင် ၄.၂၄ ဦးနှုန်း ရှိ၍ ကျေးလက်ဒေသအတွက် သတ်မှတ်ထားသည့်နှင့် ညီမျှပါသည်။

၁.၂။ အလုပ်လုပ်နိုင်သူအင်အား

ဇယား (၂) ချောင်းခွကျေးရွာ၏ လုပ်သားအင်အား

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း: အဓိကလုပ်ငန်း	%	အခြားလုပ်ငန်း	မှတ်ချက်
၁	**စိုက်ပျိုးရေးလုပ်ငန်း:**				
	• ကိုယ်ပိုင်လုပ်ငန်း	၂၈၈	၆၇.၁%		လယ်ယာစိုက်ပျိုးရေးကို အဓိက လုပ်ဆောင်သည့်အိမ်ထောင်စုများဖြစ်သည်။
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း အဓိကလုပ်ငန်း	%	အခြားလုပ်ငန်း	မှတ်ချက်
၂	**မွေးမြူရေးလုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၃	**ငါးလုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၄	**သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၅	**ကုန်ထုတ်လုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း	၂၂	၅.၁%	ပန်းပဲလုပ်ငန်း၊ သံဂဟော လုပ်ငန်း ၊ လှည်းဘီး လှည်းဒေါက်လုပ်ငန်း၊ ကွန်ကရစ် လုပ်ငန်း များ တွင် အဓိက လုပ်ကိုင် ကြသည်။	
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၆	**လျှပ်စစ်၊ သဘာဝဓါတ်ငွေ့ နှင့် ရေပေးဝေရေးလုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း အဓိကလုပ်ငန်း	%	အခြားလုပ်ငန်း	မှတ်ချက်
၇	**ဆောက်လုပ်ရေးလုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)	၁၃	၃.၀%		ပန်းရံ၊လက်သမား အဓိက လုပ်ကိုင် သည့် အိမ်ထောင်စု
	• မိသားစုဝင်လုပ်အား				
၈	**စက်ပြင်ဆိုင် (စက်ဘီး၊ ဆိုင်ကယ်၊)၊ အိမ်သုံးပစ္စည်းပြုပြင်ဆိုင်**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီ ယာ၊ သင်တန်းပေးသူ)**				
	• ကိုယ်ပိုင်လုပ်ငန်း			၁၅	ဆံညှပ်၊ ဆိုင်ကယ်ပြုပြင် ရေး ၊ လက် ဖက်ရည်ဆိုင် လုပ် ငန်း
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၀	**လက်လီလက်ကားအရောင်းအဝယ်**				
	• ကိုယ်ပိုင်လုပ်ငန်း	၄၂	၆.၈%		ကုန်စုံဆိုင်၊ အိမ်ဆိုင်၊ လက်ဖက်ရည် ဆိုင်၊ ဆံသဆိုင်၊ စက်သုံးဆီ ရောင်းဝယ်ရေး
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင်များ**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း အဓိကလုပ်ငန်း %	အခြားလုပ်ငန်း	မှတ်ချက်
၁၂	**ပို့ဆောင်ဆက်သွယ်ရေး နှင့် သိုလှောင်ခြင်း၊**			
	• ကိုယ်ပိုင်လုပ်ငန်း			
	• လုပ်သား(လခစား၊နေ့စား လုပ်သား)			
	• မိသားစုဝင်လုပ်အား			
၁၃	**ငွေကြေးဝန်ဆောင်မှု လုပ်ငန်း**			
	• ကိုယ်ပိုင်လုပ်ငန်း			
	• လုပ်သား(လခစား၊နေ့စား လုပ်သား)			
	• မိသားစုဝင်လုပ်အား			
၁၄	**အိမ်ခြံမြေရောင်းဝယ်ရေး၊ ငှားရမ်းရေး နှင့် အလားတူလုပ်ငန်းများ**			
	• ကိုယ်ပိုင်လုပ်ငန်း			
	• လုပ်သား(လခစား၊နေ့စား လုပ်သား)			
	• မိသားစုဝင်လုပ်အား			
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)**			
	• ကိုယ်ပိုင်လုပ်ငန်း			
	• လုပ်သား(လခစား၊နေ့စား လုပ်သား)	၁၉ ၄.၄%		ပညာရေး၊ ကျန်းမာရေး၊ အထွေထွေအုပ်ချုပ် ရေး၊ စိုက်ပျိုးရေးဌာနများ တွင် လုပ်ကိုင်ကြသည်။
	• မိသားစုဝင်လုပ်အား			
၁၆	**ပညာရေးလုပ်ငန်း**			
	• ကိုယ်ပိုင်လုပ်ငန်း			
	• လုပ်သား(လခစား၊နေ့စား လုပ်သား)			
	• မိသားစုဝင်လုပ်အား			
၁၇	**ကျန်းမာရေး**			
	• ကိုယ်ပိုင်လုပ်ငန်း			
	• လုပ်သား(လခစား၊နေ့စား လုပ်သား)			
	• မိသားစုဝင်လုပ်အား			

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း အဓိကလုပ်ငန်း	%	အခြားလုပ်ငန်း	မှတ်ချက်
၁၈	**လူမှုရေးလုပ်ငန်းများ** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား				
၁၉	**အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား	၄၅	၁၀.၄%		ကြုံရာကျပန်း လုပ်ကိုင် ကြသည်။
၂၀	**ပြင်ပမှ လာရောက်လုပ်ကိုင်သော အဖွဲ့အစည်းများတွင် လာရောက် လုပ်ကိုင်သူများ** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား				
	စုစုပေါင်း	၄၂၉	၁၀၀%		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၈ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်) (ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးများမှတဆင့် တစ်အိမ်တက်ဆင်း ကောက်ယူသည်။)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လှည်းလုပ်ငန်း၊ ပန်းပဲ၊ ကွန်ကရစ်၊ သံဂေဟလုပ်ငန်းစသော ကျေးလက်အခြေပြု စီးပွားရေးလုပ်ငန်းများရှိပါသည်။ ကျေးရွာတွင်ကျပန်းလုပ်ငန်းများတွင် လုပ်ကိုင် နေသော လုပ်သားအများအပြားရှိ၍ ကျေးရွာစီးပွားရေးလုပ်ငန်းများတွင် များစွာအသုံးချနိုင်ပါသည်။

(၁.၃) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၃) တံတားဦးမြို့နယ်၊ ချောင်းခွကျေးရွာ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၇၂၀	သင့်	နည်း	(၅၅၀)ဧကကင်းတားဆည်မြောင်းမှ ရေရသည်။

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
ယာမြေ	၂၄၆၁	သင့်	မရ	မိုးကောင်းသောက်ဧရိယာ
ပလပ်မြေ	၆	ညံ့	မရ	အိမ်ယာတိုးချဲ့ရန်ကျေးရွာပိုင် ပလပ်မြေ။
စုစုပေါင်း	၃၁၈၇			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၈ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ လယ်မြေဧက ၅၅၀ သာ ဆည်ရေရရှိပြီး၊ ကျန်လယ်ဧက နှင့် ယာမြေများသည် မိုးကောင်းသောက်ဖြစ်၍ မိုးရေကိုသာ မှီခိုစိုက်ပျိုးရသည်။

(၁.၄) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား (၄) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ဓါတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမှီ
ဓါတ်သတ္တု(ကျောက်၊ သဲ)	သင့်	ကျောက်၊သဲများကို ကျေးရွာအနီးတွင် အလွယ်တကူ သယ်ယူရနိုင် ပါသည်။
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	မရှိ	လက်လှမ်းမမှီ
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	နွားစာကို မိုးနှင့် ဆောင်းတွင် အလွယ်တကူ ရနိုင် ပြီး နွေရာသီတွင် အနည်းငယ် ရှားပါးပါသည်။ ဒေသထွက်ပရဆေးပင်များလည်းရနိုင်ပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၈ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ နွားစာကို မိုးနှင့်ဆောင်းတွင် သီးနှံစိုက်ပျိုးထုတ်လုပ်ရာသီဖြစ်၍ ကောက်ရိုး၊ ပဲရိုး၊ ပဲဖတ်၊ နွားစာပြောင်းစသည်များ စိုက်ပျိုးကြ၍ပေါများပါသည်။ နွေရာသီများတွင်

နွားစာအခက်အခဲရှိပြီး၊ မိုးခေါင် သည့် နှစ်ကြုံရပါက ပိုခက်ခဲပါသည်။ နီးစပ်ရာကျေးရွာများတွင်ပါ ခက်ခဲကြုံတွေ့ရပါသည်။ ဂုံကား၊ နွယ်ချို စသော ဒေသထွက် ပရဆေးပင်များ ရနိုင်ပြီး၊ တိရိစ္ဆာန် ရောဂါများ ကုသကာကွယ်ရန် ဒေသအသိဖြင့် ကုသကြပါသည်။

(၁.၅) ဥစ္စာဓနအဆင့်အနေအထား

ဇယား (၅) ချောင်းခွကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	မြေ ၈က (၁၅ မှ၃၀) ကြား	မြေ၈က (၅ မှ ၁၅)	(၅) ၈ကအောက်	မြေယာမဲ့
မွေးမြူရေးပိုင်ဆိုင်မှု	ခြံနွား ၊ အခြားနွား (၁၀ -၁၅) ကောင် ၊ ဆိတ်(၄၀-၅၀) ကောင်	ခြံနွား ၊ အခြားနွား (၅ -၁၀) ကောင် ၊ ဆိတ်၊ သိုး တစ်နိုင်တစ်ပိုင် ကိုယ်ပိုင် မွေးနိုင်ခြင်း။	နွား၊ ဆိတ်၊ သိုး တစ်နိုင် တစ်ပိုင် ပွားဖက် (သို့) အဖက် ၊ ဝက် ၊ ကြက် ကိုယ်ပိုင် မွေးနိုင် ခြင်း။	တစ်ချို့ မိသားစု ဝက် ပွားဖက် (သို့) အဖက် မွေးမြူ ၊ တစ်ချို့ လုံးဝ မမွေးနိုင်။
အိမ်အခြေအနေ	တိုက်အိမ်	သွပ်မိုး၊ ထရံကာ၊ အုတ်ခုံခံ	ထန်းရွက်မိုး၊ ထရံကာ ၊မြေစိုက်	ထန်းရွက်မိုး၊ ထရံကာ မြေစိုက်
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု	ထွန်စက်၊ လက်တွန်း ထွန်စက်၊ ရေစုပ်စက်၊ ခြွေလှေ့စက်	လှည်း၊ နွား၊ လက်တွန်းထွန်စက်	အများက မရှိ	မရှိ
ကုန်ထုတ်လုပ်ငန်း ပိုင်ဆိုင်မှု	ဆန်စက် ၊ဆီစက်	ပန်းပဲလုပ်ငန်း၊ စက်ချုပ်၊ တောင်းလုပ်ငန်း	စက်ချုပ်၊ တောင်းလုပ်ငန်း	မရှိ
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ရွှေ၊ငွေ၊လက်ဝတ် ရတနာ၊ ရေခဲသေတ္တာ ကား၊ ဆိုင်ကယ်၊ တီဗီ၊ဖုန်း	လက်ဝတ်ရတနာ၊ ဆိုင်ကယ်၊တီဗီ၊ဖုန်း	တီဗွီ	မရှိ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
အဓိကစီးပွားရေး လုပ်ငန်း၊ တနှစ်ဝင်ငွေ	စိုက်ပျိုးရေး, အရောင်း အဝယ်၊ ငွေတိုးပေး ခြင်း တစ် နှစ် ဝင်ငွေ (၃၀ မှ ၄၀) သိန်းထိ	စိုက်ပျိုးရေး ၊မွေးမြူရေး၊ ပန်းပဲ၊စက်ချုပ်၊ခံတောင်း လုပ်ငန်း တစ်နှစ်ဝင်ငွေ (၂၀ မှ၂၅) သိန်းကြား	ပန်းဘဲ၊စက်ချုပ်၊ တောင်း လုပ်ငန်း၊ ကျပန်းတစ်နှစ် ဝင်ငွေ (၈ မှ ၁၀) သိန်းကြား	ကျပန်းတစ်နှစ် ဝင်ငွေ (၈) သိန်းအောက်
အိမ်ထောင်စု	၄၆	၁၂၉	၂၂၀	၃၄

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၈ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စု တစ်ဝက်ကျော် (၅၉.၂%) သည် ဆင်းရဲသော၊ အလွန်ဆင်းရဲသော အိမ်ထောင်စု များဖြစ်ကြပါသည်။ ၎င်းအိမ်ထောင်စုအများစုသည် မြေယာမဲ့များ၊ တောင်သူငယ်များ ဖြစ်ပါသည်။

(၁.၆) ဝမ်းစာဖူလုံမှု

ဇယား (၆) ချောင်းခွကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၁၂	၅၂.၁%	ကျေးရွာ စျေးဆိုင်များမှ အကြွေး ယူရခြင်း၊ ဆွေမျိုးသားချင်းများ ထံမှ ငွေချေးငှားစား သုံးခြင်း၊ ကျေးရွာမှ ငွေတိုး ပေးသူများထံမှ ငွေတိုးယူပြီး စားနပ်ရိက္ခာ ဝယ်ယူ စားသုံး ရသည်။
၃ လနှင့် ၅ လအထိ ၆လမှ၁၂လအထိ	၁၁	၄၇.၈%	ဆွေမျိုးသားချင်းများချေးယူခြင်း၊ စျေးဆိုင်များ အကြွေးယူခြင်း၊လုပ်ငန်းရှင်များထံမှလုပ်အား ခ ကြိုတင်ယူသုံးစွဲခြင်း။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၈ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ချောင်းခွကျေးရွာအိမ်ထောင်စုများသည် အများအားဖြင့် ဝမ်းစာသိုလှောင်နိုင်ကြပြီး၊ စားနပ်ရိက္ခာဖူလုံကြပါသည်။

၁.၇။ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီစောင့်ရှောက်မှုအထိုးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	၁	၄	၅
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ		၁	၁
			အိမ်ထောင်စုအရေအတွက်	
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ		၁၁	
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ		၄	
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသူ		၁	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၈ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်အသက်(၆၀) နှစ်အထက်သက်ကြီးရွယ်အိုများထဲမှ ကျား (၁) ဦး ၊ မ(၄)ဦးတို့သည် အချို့မိသားစုမရှိပါ။ မိသားစုရှိသူများမှာလည်း မိသားစုဝင်များသည်ဆင်းရဲပြီး စားဝတ်နေရေးခက်ခဲသောကြောင့် ကျေးရွာနှင့်ဆွေမျိုးတော်စပ်သူတို့မှကြည့်ရှုစောင့်ရှောက်ထားပါသည်။ ဆင်းရဲပြီးမုဆိုးဖို၊ တစ်ခုလပ်ဦးဆောင်သော အိမ်ထောင်စု (၄) စုနှင့် ဆင်းရဲပြီး အမျိုးသမီးဦးဆောင်နေရသော အိမ်ထောင်စု (၁၁) စု နှင့်၊ အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် မိသားစု (၁) စုရှိပါသည်။

(၁.၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
စီးပွားရေး			
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်	မြေယာမဲ့နှင့် ဆင်းရဲသားတောင်သူငယ် များသည် စားနပ်ရိက္ခာ မဖူလုံကြပါ။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၂	သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ စိုက်ပျိုးရေ...)	နိမ့်	ပလပ်မြေနည်းပါး၍မြေတိုးချဲ့ရန် ခက်ခဲသည်
ကျန်းမာရေး			
၃	တီဘီရောဂါ	လတ်	ဆေးသောက်ပြီး(၃) ဦး ရှိပြီး၊ ပြုစုသူ မိသားစုများ၊ ကြိုတင်မကာကွယ်ထားသူများ ကူးစက် နိုင်မှု အခြေအနေ အသင့်အတင့် ရှိပါသည်။
၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	လတ်	ဆေးစာဆဲ (၆) ဦးရှိပြီး၊ မန္တလေးမှ ကိုယ်ခံအားကျဆင်းမှု စီမံချက်နှင့် ချိတ်ဆက်ကူညီမှုရထားသည်။ ရောဂါရှိသူများမှ ရောဂါနှင့်ပတ်သက်သည့် အသိပညာများ ရှိပါသည်။ ကိုယ်ခံအား ကျဆင်းမှု ရောဂါနှင့် ပတ်သက်သည့် အသိပညာကို တီဗီ၊ ရုပ်မြင်သံကြား ရောဂါဖြစ်နေသူ များမှ တဆင့် အခြေခံဗဟုသုတ ရှိကြပါသည်။
လူမှုရေး			
၅	လူကုန်ကူးခြင်း	နိမ့်	ကျေးရွာလူထုအများစုသည်ကျေးရွာ အတွင်း၊ မြို့နယ်အတွင်းသာနေထိုင်လုပ်ကိုင်ကြသည်။ အခြားဒေသသို့ သွားရောက်လုပ် ကိုင်ခြင်း နည်းပါးကြပြီး၊လူကုန်ကူးခြင်း နှင့်ပတ်သက်သည့် အသိပညာဗဟုသုတ ရှိကြပါသည်။
ပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်			
၆	ရေကြီးခြင်း	မြင့်	မိုးသည်းထန်စွာ ရွာသွန်းသော အချိန်တွင် ရွာ၏မြောက်ဘက်ပိုင်း ကုန်းမြင့်တွင် ရှိသောရဲစခန်းမှ လာသောရေ၊ ရွာ၏အနောက်ဖက်မှလာသောရေနှင့် ရွာထဲမှလာသော ရေတို့ပူးပေါင်းမိကာ ရွာ၏ ရှေ့တွင် ချောင်းတစ်ချောင်းဖြစ်ကာ မြေ နိမ့်ပိုင်းတွင်ရှိ (၁၅ အိမ်မှ ၄၀) အိမ်ခန့် ရေဘေးကြုံရပါသည်။ နှစ်စဉ်တစ်ကြိမ် မှ နှစ်ကြိမ်ခန့် ဖြစ်လေ့ ရှိသည်။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၇	မိုးခေါင်ခြင်း	မြင့်	နှစ်စဉ် မိုးဦး ၊မိုးလယ် ပိုင်းတွင် မိုးခေါင်ခြင်း နှစ်စဉ်နီးပါး ကြုံတွေ့ရသည်။
၈	မုန်တိုင်း	လတ်	မုန်တိုင်း အန္တရာယ် အခါအားလျော်စွာကြုံတွေ့နိုင်သည်။စာသင်ကျောင်း၊ ဆေးပေးခန်းများ ခေါင်မိုးပျက်စီးခြင်း ကြုံတွေ့ဖူးသည်။
၉	ငလျင်	နိမ့်	စစ်ကိုင်းနှင့်နီးသော်လည်းငလျင်ဒဏ် မခံစားဘူးပါ။
၁၀	မီးဘေး	နိမ့်	ဖြစ်နိုင်ခြေနည်းပါသည်။နွေရာသီတွင် မီးလန့်ခြင်း လောက်သာ ဖြစ်သည်။
၁၁	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	လတ်	ကုန်းမြင့်ပိုင်းတွင်ရှိသော မြေဧရိယာ များ ရေတိုက်စား၍ မြေဆီလွှာပျက်စီးပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၈ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

(၁.၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	နိမ့်	ကျေးရွာလူငယ် အများစုသည် အခြေခံ ဗဟုသုတ ရှိကြပြီး၊ အဝေးဒေသသို့ သွားရောက်လုပ်ကိုင်ခြင်း နည်းပါးပြီး၊ ထိခိုက်လွယ်မှု အခြေအနေ နည်းပါသည်။
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	လတ်	ဆင်းရဲပြီးအမျိုးသမီး ဦးဆောင်နေရသော အိမ်ထောင်စု(၁၁) စုခန့်သည် မိုး ခေါင်ပြီး၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည့် အချိန်တွင် စားနပ်ရိက္ခာ မလုံလောက်မှု ကြုံတွေ့ ရနိုင်ပါသည်။
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်	မြေယာမဲ့ ၊ ဆင်းရဲသား တောင်သူမိသားစုတို့ သည် စားဝတ် နေရေးအတွက် ကြုံရာကျပန်း လုပ်ဆောင်ရခြင်း ၊ အကြွေးယူစားရခြင်း ဝမ်းစာသိုလှောင် ထားနိုင်မှု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			နည်းပါး၊ နေအိမ် အဆောက်အဦး လုံခြုံခိုင်ခန့်မှု အားနည်းပါသည်။ သဘာဝဘေး၊ ဘေးခုက္ခကြုံတွေ့ပါက ထိခိုက်မှုအများဆုံး ကြုံတွေ့နိုင်သော မိသားစုများ ဖြစ်ပါသည်။
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု	လတ်	မိုးများသောအချိန်တွင် မြေနိမ့် ပိုင်းတွင်ရှိ (၁၅ အိမ် မှ ၄၀) အိမ်ထောင်စုခန့် ရေဝင်၊ရေလွှမ်း ခြင်း ကြုံရပါသည်။
၅	လက်လုပ်လက်စားများ၊ ကျပန်း	လတ်	လက်လုပ်လက်စား မိသားစုများသည် မိုးခေါင်၊ မိုးကြီး၊ သဘာဝဘေး အန္တရာယ် တခုခုကြုံရချိန်တွင် စားနပ် ရိက္ခာမဖူလုံမှု ကြုံရ နိုင် ပါသည်။
၆	ကားသမား	လတ်	အဝေးပြေးကား မောင်းနှင်းသူ (၂၀) ခန့်ရှိ၊ ထိခိုက်နိုင်ခြေ အသင့်အတင့်ရှိ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၈ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

၂။ ကျေးလက်မိသားစုများ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဧယား (၁၀) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့ စည်းသူများ (၄/၅)	စွမ်းဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	ဂေါပက	၃	၉		၉	ဘာသာရေး လုပ်ငန်းများ	၄	၆
၂	လူမှုရေးအသင်း	၂	၁၅		၁၅	လူမှုရေးလုပ်ငန်း များ	၄	၇
၃	ဆွမ်းတော်ကြီးခံ	၃	၁၄		၁၄	ဘာသာရေး	၄	၇
၄	နာရေးကူညီမှု အဖွဲ့	၂	၄	၃	၇	နာရေးကူညီမှု လုပ်ငန်းများ၊ အရေး ပေါ်လူနာ များကူညီရန်။	၄	၆

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့ စည်းသူများ (၄/၅)	စွမ်းဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၅	အရံမီးသတ်အဖွဲ့	၂	၁၁		၁၁	ကျေးရွာအတွင်း မီးဘေးကာကွယ် ရေးလုပ်ငန်းများ	၄	၆
၆	စာကြည့်တိုက်အ ဖွဲ့	၃	၆	၁	၇	ကျေးရွာအတွင်း စာဖတ်ဓလေ့ ထွန်းကားလာ ရန်စာအုပ် စာပေ ငှားရမ်းပေး ခြင်း၊ ထိန်းသိမ်း ပေးခြင်းစသော လုပ်ငန်းများ	၄	၇
၇	ကျေးရွာမီးလင်း ရေး	၂	၃၅		၃၅	ကျေးရွာမီးလင်း ရေးနှင့်ထိန်းသိမ်း ရေးလုပ်ငန်း	၄	၆
၈	အမျိုးသမီး ရေးရာ	၂		၁၈	၁၈	အမျိုးသမီးများ ၏အခွင့်အရေး နှင့်သက်ဆိုင် သည်များ ဆောင်ရွက် ကူညီရန်။	၅	၇
၉	မိခင်ကလေး စောင့်ရှောက် ရေး	၂		၁၈	၁၈	ကျေးရွာတွင်းရှိ မိခင်နှင့် ကလေး များ၏ကျန်းမာ ရေးစောင့်ရှောက် မှုလုပ်ငန်းများ တွင်ကူညီဆောင် ရွက်ရန်။	၅	၇

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှ ရရှိသော သတင်း အချက် အလက်များ (၂၈၊ ဇူလိုင်၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။အဖွဲ့အသီးသီးမှသက်ဆိုင်ရာလုပ်ငန်းများကိုသီးခြားလုပ်ဆောင်နေကြပြီး လုပ်ငန်းပိုင်းဆိုင်ရာတင်ပြခြင်း ရှင်းလင်းခြင်းစသော လုပ်ငန်းများ လုပ်ဆောင်ကြခြင်းမရှိကြပါ။ အဖွဲ့ငယ်များအများစုသည် မိမိတို့တာဝန်များကို ကောင်းစွာတာဝန်သိမှု၊ တာဝန်ယူမှု အားနည်းပါသေးသည်။

မှတ်ချက်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၈၊ဧပြီလိုင်၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။ ချောင်းခွကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်နေသော ပြင်ပအဖွဲ့အစည်းမရှိပါ။

(၂.၂.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ချောင်းခွကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၃၄	၇.၉%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ဟတ်တာထိ)	၁၂၉	၃၀.၁%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ(၂ ဟတ်တာထိ)	၁၂၂	၂၈.၄%	တောင်သူငယ်

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၉၈	၂၂.၈%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၄၆	၁၀.၈%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	**၄၂၉**	**၁၀၀ %**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇/၂၈ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအိမ်ထောင်စုများ၏ (၇.၉%) နှုန်းသည် မြေယာလုံးဝမရှိသူများ၊ မြေယာမဲ့ များဖြစ်ပြီး၊ မြေယာပိုင်ဆိုင်သူများ၏ (၅၈%) သည် မြေယာ (၅) ဧကအောက် မြေယာအနည်းငယ်သာ ပိုင်ဆိုင် သူများဖြစ်ကြပြီး မြေယာပိုင်ဆိုင်သူ စုစုပေါင်း၏တစ်ဝက်ကျော်သည် ဆင်းရဲသောတောင်သူ လယ်သမားများ ဖြစ်ပါသည်။

(၂.၂.၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၃) ချောင်းခွကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	ဆည်	အစိုးရ	၅၅၀	ရာသီအလိုက်
၂	အဝီစိတွင်း	ပုဂ္ဂလိက	၃၅	တနှစ်ပတ်လုံး

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇/၂၈ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကင်းတားဆည် ရေပေးမြောင်းမှ (၅၅၀) ဧကသာ ဆည်ရေရရှိပြီး စိုက်ပျိုးနိုင်သည်။မြေအောက်ရေရရှိပါကသီးထပ်စိုက်ပျိုးနိုင်လာပြီး၊ အခြားဝင်ငွေရသီးနှံများတစ်နိုင်တပိုင် စိုက်ပျိုးလာနိုင် ပါမည်။

(၂.၂.၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဧယား (၁၄) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံ စိုက်ပျိုးသည့် ကာလ	သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ				
စပါး (ဆည်ရေ သောက်)	၅၅၀	တင်း	၄၀	၈၀	၅၀	ဝါခေါင်	လတ်	နိမ့်	သွင်းအားစုပို ထည့်၍ အမြတ်နည်း ပါးသည်။

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့် ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
စပါး (မိုးကောင်းသောက်)	၂၀၀	တင်း	၃၀	၇၀	၄၀	ဝါခေါင်	လတ်	လတ်	
နှမ်း	၅၅၀	တင်း	၃	၁၀	၇	တန်ခူး၊ ကဆုန်	လတ်	လတ်	
မြေပဲ	၁၀၀	တင်း	၃၀	၆၀	၄၀	သီတင်းကျွတ်	လတ်	လတ်	
ပဲစင်းငုံ	၅၀	တင်း	၂	၁၀	၅	ကဆုန်	နိမ့်	လတ်	သီးညှပ်စိုက်
နေကြာ	၁၅	တင်း	၅	၁၅	၁၀	နယုန်/ တန်ဆောင်မုန်း	နိမ့်	လတ်	သီးညှပ်စိုက်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၈ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ မိုးဦးကာလတွင် နှစ်စဉ် မိုးခေါင်ရေရှား၍ သီးနှံမအောင်မြင်ဘဲ အထွက်နှုန်း လျော့နည်းလာပါသည်။ စပါးတွင် အမြစ်ပိုး နှင့် ဆစ်ပိုးများကျရောက်ပြီး သီးနှံအထွက်နှုန်းကို သိသာစွာ လျော့ နည်းလာပါသည်။

၂.၂.၄။ လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၅) ချောင်းခွကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	အိမ်ထောင်စုအရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ထွန်စက်	၃	မရှိ	လက်တွန်း ထွန်စက်ကို တောင်သူကြီးများ ပိုင်ဆိုင်ကြပြီး ၎င်းတို့ထွန်ယက် ပြီးမှ နီးစပ်ရာကို တစ်ဧက တစ်စပ်၊ တစ်လွှာကို ငွေ (၃၀၀၀) သုံးသောင်းကျပ် ဖြင့် ငှားသုံး ရသည်။
လက်တွန်းထွန်စက်	၆	မရှိ	လက်တွန်း ထွန်စက်ကို တောင်သူကြီးများ နှင့်

စက်အမျိုးအစား	အိမ်ထောင်စု အရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
			တောင်သူလတ်တို့ ပိုင်ဆိုင်ကြပြီး ၎င်းတို့ထွန်ယက်ပြီးမှ နီးစပ်ရာကို တစ်ဧက တစ်စပ်၊ တစ်လွှာကို လယ်ရှင်မှ ဆီထည့်ပေး ရသည့်အပြင် ငွေ (၁၀၀၀၀) တစ်သောင်းကျပ်ဖြင့် ငှားသုံး ရသည်။
ခြွေလှေ့စက်	၃	မရှိ	စပါးတင်း(၁၀၀) ချွေလျှင် စက်ခ (၅) တင်းပေး ရသည်။
ရေစုပ်စက်	၉	မရှိ	တောင်သူကြီးများ နှင့် တောင်သူ လတ်တို့ ပိုင်ဆိုင်ကြ ပြီး။ ၎င်းတို့ ရေမတင်သော အချိန်ကို အခြား တောင်သူများမှ ရက်ချိန်ယူပြီး (၁)နာရီကို ကျပ် (၃၀၀၀) သုံးထောင် ကျပ် ဖြင့် ငှားရမ်း သုံးရသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇/၂၈ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာလုပ်ငန်းအတွက် ခိုင်းနွှားများ၊ အခြားလယ်ယာသုံး ကိရိယာများ ပြည့်စုံကြပါသည်။

(၂.၂.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဧယား (၁၆) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊သြဇာ)	ရှိ	ကျေးရွာရှိ လယ်မြေများသည် မြေဆီလွှာ ကောင်းမွန်ပြီး ယာမြေ အများ စုမှာ မြေဆီလွှာ အသင့်အတင့် ကောင်းမွန်ကြပါသည်။ မြေအောက်ရေ ရရှိပါက သီးထပ် စိုက်ပျိုးနိုင် ပါသည်။
ရေအရင်းအမြစ်	ရှိ	ကင်းတားဆည် ရေပေးမြောင်းမှ (၅၅၀) ဧက ဆည်ရေရရှိပြီး စိုက်ပျိုး နိုင် သည်။ အဝီစိတွင်းရေ၊ မြေအောက်ရေဖြင့် စတင်ပျိုး စိုက်ပျိုး နေပါ သည်။
သဘာဝမြေဆွေး၊ သြဂဲနစ်	ရှိ	ကျေးရွာတွင် စိုက်ပျိုးရေးစွန့်ပစ် အမှိုက်များ နှင့် နွားချေးများစွာ ရှိပါ သည်။

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
ဩဂဲနစ်ပိုးသတ်ဆေး	မရှိ	သုံးစွဲသည့်အလေ့အထမရှိသေးပါ၊ ပတ်ဝန်းကျင် တွင်လည်း လက်လှမ်း မမှီပါ။
ချေးငွေရရှိမှု	ရှိ	မြန်မာ့ စိုက်ပျိုးရေးဘဏ်၊ သမဝါယမအသင်းစု၊ ကျေးရွာမှ ငွေတိုးချေးသူ များထံမှ ချေးငွေရရှိပါသည်။
သွင်းအားစုဈေးကွက်	ရှိ	မြေဆီမြေဩဇာများကို ကျေးရွာတွင် အလွယ်တကူ ဝယ်ရ၊ လယ်ယာသုံး ပစ္စည်း ၊ လယ်ယာသုံးကိရိယာ များကို တံတားဦး၊ မန္တလေး ၊ ကျောက် ဆည် မြို့များတွင် အလွယ်တကူ တယ်ယူနိုင်ပါသည်။
ဝန်ဆောင်မှုဈေးကွက်	ရှိ	စိုက်ပျိုးရေးဦးစီးဌာနမှ စပါး စိုက်ပျိုးရေး နည်းပညာကို အုပ်ချုပ်ရေး မှူးနှင့် နီးစပ်ရာလယ်သမားအချို့သာ ရရှိပြီး၊ စိုက်ပျိုးရေး ဆေး ကုမ္ပဏီများမှ ဆေးရောင်း ပြီး နည်းပညာပံ့ပိုးပါသည်။
ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု	ရှိ	တံတားဦး၊ မန္တလေး ပွဲစားများ၊ ပွဲရုံများတွင် အလွယ်တကူ ရောင်းချ နိုင်ပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇/၂၈ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ချောင်းခွကျေးရွာသည် မြေဆီဩဇာကောင်းမွန်သော လယ်ယာမြေများရှိပြီး၊ ကင်းတား ဆည်မှ ဆည်ရေရရှိစိုက်ပျိုးနိုင်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အခွင့်အလမ်းကောင်းများ ဖြစ်ပါ သည်။

(၂.၂.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ	ပလပ်မြေ၊ မြေလွတ်မြေရိုင်းမရှိ၍ စိုက်ပျိုးမြေ တိုးချဲ့ရန် မဖြစ်နိုင်ပေ။
ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု	ရှိ	စိုက်ဘဏ်မှ ချေးငွေရသော်လည်း မလုံလောက်ပါ။ သင့်တင့်သော အတိုး နှုန်းဖြင့် လိုအပ် သလောက် ချေးငွေ မရနိုင်ပါ။ အတိုးနှုန်း ကြီးမြင့် ပါသည်။
သွင်းအားစုတတ်နိုင်မှု	ရှိ	လိုအပ်သော သွင်းအားစုများကို အချိန်မီထည့်ရန် လယ်သမားများတွင် အရင်းအနှီး မလုံလောက်ပါ ။
ကျွမ်းကျင်လုပ်သားရှားပါးမှု	ရှိ	စိုက်ပျိုးရာသီချိန်၊ လုပ်ငန်းလုပ်သားလိုအပ်မှုတူသောကြောင့် လုပ်

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
		သားရှားပါးခြင်း၊ ကျေးရွာနှင့် ကျေးရွာဝန်းကျင်တွင် တရုတ် ဖရဲစိုက်ခင်းများမှလုပ်သားများစွာအလုပ်ပေးခြင်း၊လုပ်အားခကို ဒေသပေါက်ဈေးထက်ပိုပေးသောကြောင့် ဒေသခံတောင်သူ များတွင် စိုက်ပျိုးရေးလုပ်သားရှားပါးလာပြီး၊ လုပ်အားခဈေးမြင့်လာပါသည်။ လုပ်သားမရနိုင်သောကြောင့် စိုက်ပျိုးရိတ်သိမ်းချိန် နောက်ကျပါသည်။
ဆည်မြောင်းရေရရှိမှု	ရှိ	စိုက်ပျိုး ရေမလုံလောက်ဘဲ မိုးစပါး တစ်သီးသာ စိုက်နိုင်ပါသည်။
မိုးရေမလုံလောက်မှု	ရှိ	နှစ်စဉ် မိုးဦးနှင့် မိုးလယ်ကာလ များတွင် မိုးခေါင်ပါသည်။
စိုက်ပျိုးရေသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု	ရှိ	ချေးငွေ အလုံအလောက် မရရှိခြင်း၊ လိုအပ်သော စိုက်ပျိုးရေးပစ္စည်းများကို အလုံအလောက် မဝယ်နိုင်၍ အချိန်မီ အသုံးမပြုနိုင်ပါ။
